# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

## ❖ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ နှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး များနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကိုစတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက် မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆိုင်ရာ Video Clip ကို ဖွင့်လှစ် ပြသသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❑


### ယနေ့ ဖတ်စရာ


**ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့** — ဆောင်းပါး စာ ၆

**အမေရိကန်နှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့တို့ ဒိုဟာမြို့၌ ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမည်** — နိုင်ငံတကာသတင်း စာ ၁၃

**ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များထုတ်ပြန်** — ထုတ်ပြန်ချက် စာ ၁၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

- ❖ **ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီး**
- ❖ **အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်**

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြပြီး (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင် ဒါရိုက်တာတို့ တက်ရောက်ကြသည်။

**ထိထိရောက်ရောက်တားဆီးနှိမ်နင်း**

ထိုသို့တွေ့ဆုံရာ၌ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲချုပ်က အာဆီယံရဲအဖွဲ့ညီလာခံများ ကျင်းပပြုလုပ်ခဲ့မှု၊ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကျင်းပခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့က နိုင်ငံအလိုက်တစ်ဦးချင်း မိတ်ဆက်ကြပြီး (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကျင်းပနေသည့် ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ အာဆီယံရဲအဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းနယ်ပယ်များတွင် ပူးပေါင်းတားဆီးနှိမ်နင်းရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး၊ အမှုဆောင် ဒါရိုက်တာတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ (၇၅) ဘဏ်မြောက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘဏ်ခွဲပရဝဏ်၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) တိုင်းမှူးက အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘဏ်ခွဲ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက်ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၇၈ လမ်း (ရန်ကုန်-မန္တလေး ကားလမ်း) ၁၁၅ လမ်းနှင့် ၁၁၇ လမ်း ကြား ကွျဲဆည်ကန်ရပ်တွင် တည်ရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။



အင်းဝဘဏ် လီမိတက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၁ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကာ ယခုဖွင့်လှစ်သည့် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅) ဘဏ်မြောက် စိန်ရတုဘဏ်ခွဲဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❑ *ရွှေဖုံးမှ*

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး ယခုကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော်ကိုကျင်းပခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မိမိတို့အိန္ဒိယနိုင်ငံ၌ ဒီပါဝလီပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်နှစ်ရပ်လုံးမှာ မီးထွန်းပွဲတော်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်သကဲ့သို့ အိန္ဒိယနှင့် မြန်မာလူမျိုးများ အတူတကွ ပေါင်းစည်းထားသည့် ဆွေမျိုးရင်းချာပမာ ရင်းနှီးသောဆက်ဆံရေး၏ ရောင်ပြန်ဟပ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးထွန်းပွဲတော်များ၏ ဖြစ်တည်မှုစိတ်ဓာတ်ဖြင့် သမိုင်းဝင်ပြီး အားရဖွယ်ကောင်းသည့် ယခု အခမ်းအနားသည် မိမိတို့၏ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ဆက်လက်ထွန်းလင်းပါစေကြောင်း၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## ကာလရှည်ကြာစွာရပ်တည်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ယနေ့အခမ်းအနားတွင် မိမိအနေဖြင့် အထူးဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယနည်းပညာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးပိုမိုရရှိရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်မှုမှတစ်ဆင့် ဆောင်ရွက်မှုတို့အပေါ် ထားရှိသည့် သန္နိဋ္ဌာန်ကိုညွှန်ပြသည့်အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာစွာ ရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့် ဆက်ဆံရေးနှင့် နီးကပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့်အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း။

## အဓိကကျသည့် အခန်းကဏ္ဍကပါဝင်နေ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းရှည်လျားစွာထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ် ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ်ပါ ထိစပ်နေသည့် နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ **“အိမ်နီးချင်း ဦးစားပေးဝါဒ (Neighbourhood First Policy)”** နှင့် **“အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ (Act East Policy)”** တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတို့အကြား အချက်အချာကျသည့်နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့်အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် စတင်ထူထောင်မှု၏ နှစ်(၆၀) ပြည့် အခါသမယအထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်အတူ မိမိအနေဖြင့် အစီအစဉ်နှင့်ပတ်သက်သည့် အချက်အချို့ကို ဖော်ပြပြောကြားလိုကြောင်း၊ ယခုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင်စတင်ခဲ့ရာမှ ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း(၁၆၀) တို့က ဝန်ထမ်းပေါင်း နှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးနိုင်ခဲ့ပြီဟုသိရကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်များစွာအတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံမှ ကျွမ်းကျင်ဝန်ထမ်းများအတွက် အကျိုးများစွာဖြစ်ထွန်းစေခဲ့ပြီး လေ့ကျင့်ရေးသင်တန်းများကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း။




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ ဘာသာရပ်အလိုက် ကာလတို၊ ကာလရှည်၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနအစီအစဉ်များ များစွာစီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းခဲ့သည်ဟု သိရှိရသည့်အတွက်လည်း အိန္ဒိယအစိုးရနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ မြန်မာနိုင်ငံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ယခင်က ပို့ချပေးခဲ့သည်ကိုလည်း သိရှိရကြောင်း။

## အထောက်အပံ့များစွာရရှိ

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့် သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အားအကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုအခါ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေသူများရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထောက်အပံ့များစွာရရှိပြီး အကျိုးများစွာရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မိမိတို့မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက်ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၅၀ ဒသမ ၁၈၁ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုစာရင်းအရ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် ၁၁ တွင် ရှိနေကြောင်း။

## မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြှင့်တင်ပေးခဲ့

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံးကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

အခွင့်အခါကြုံခိုက်တွင် ပြောကြားလိုသည်မှာ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ဆိုးရွားသည့် သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများကပြည်သူများအတွက် အိန္ဒိယအစိုးရမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့များကို အလျင်အမြန်ဆုံး လှူဒါန်းပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင် ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေကြောင်း၊ အကယ်၍ မိမိတို့အနေဖြင့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်တွင် အသုံးပြုနိုင်မည့် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ်

*စာမျက်နှာ ၅ သို့*

❑ **အိန္ဒိယနိုင်ငံ၏ “အိမ်နီးချင်းဦးစားပေးဝါဒ** (Neighbourhood First Policy)” **နှင့် “အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ** (Act East Policy)” **တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို - ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍကပါဝင်နေ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





*စာမျက်နှာ ၄ မှ*

(Geographic Information (GIS) and remote sensing) စသည့် နည်းပညာများဆိုင်ရာသင်တန်းများ တက်ရောက်လေ့လာပံ့ပိုးမှုများ ရရှိထားခဲ့မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South–South cooperation) ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အင်အားစုဖြစ်သည်ဟု ရှုမြင်ကြောင်း။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်**

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အောင်မြင်မှုကို ဂုဏ်ပြုသည့် ယနေ့အစီအစဉ်မှသည် နောင်လာမည့်နှစ်များတွင် ပိုမိုကြီးမားသော အောင်မြင်မှုများ ရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့် မျှော်မှန်းချက်များကို အခြေပြုပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects–QIPs) အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာလဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒီဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးစီမံချက်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက် သင်ကြားရေး အထောက်အကူပြုပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းစီမံချက်၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှုကြုံတွေ့နေရသည့် ကျေးရွာများ၌ ဆိုလာစွမ်းအင်အသုံးပြု၍ ကျေးလက်ရေထောက်ပံ့ရေးစီမံချက်၊ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်ခြင်းစီမံချက်၊ မြန်မာ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြင့် နှေးကွေးသော Pyrolysis ပြုလုပ်ပြီး ကတ္တရာကင်းစင်ပြီး ခြောက်သွေ့သော ဓာတ်ငွေ့အမျိုးအစား ရေပလတ်စတစ် Pyrolysis ဖြစ်စဉ်များမှရရှိသော လောင်စာများအား ပေါင်းစပ်သုံးစွဲခြင်းဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်းစီမံချက် စသည့် နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့အား သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရှေ့မှောက်တွင် လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆွာမိ ဝိဝေခနန္ဒာယဉ်ကျေးမှုစင်တာ (Swami Vivekananda Cultural Centre – SVCC) မှ ကျောင်းသား၊ ကျောင်းသူများ၊ Ramayana အကအဖွဲ့တို့က အိန္ဒိယယဉ်ကျေးမှုအကအလှများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက Ramayana အက၊ မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC သင်တန်းသားဟောင်းများက အတွေ့အကြုံများ မျှဝေရှင်းလင်းကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့

မောင်ကျော်မိုး (SSID)

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အနက် "ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပဲ၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းယွန်း"ဆိုသည့် ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော ပန်းယွန်းပညာရပ်သည် ယနေ့ထက်တိုင် မြန်မာလူမျိုးတို့ ထိန်းသိမ်းလာသော လက်မှုအနုပညာတစ်ရပ်ဖြစ်ပါသည်။

ရှေးမြန်မာလူမျိုးတို့၏ ရိုးရာလက်မှု အနုပညာလုပ်ငန်းများကို အကျဉ်းအားဖြင့် သုခုမအနုပညာဆယ်ပါးဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြကြောင်း ရှေးဟောင်းစာပေများ၌ တွေ့ရှိရပါသည်။ ရှေးအခါက "ပန်" ဟု ခေါ်ပြီး နှောင်းခေတ်တွင် "ပန်း" ဟု ခေါ်ဝေါ်လာကြခြင်း ဖြစ်ပါသည်။ ပန်းဆယ်မျိုးလုံးအား အတွေးအခေါ် အမြော်အမြင် ဆင်ခြင်ဉာဏ်ဖြင့် စီမံချဲ့ထွင်လုပ်ကိုင်ရသဖြင့် သုခုမ အနုပညာဟုလည်း ခေါ်တွင်ခဲ့ကြကြောင်း မှတ်သားရပါသည်။ ပန်းယွန်းဟူသောစကားရပ်ကို မြန်မာကျောက်စာများ၌ တိုက်ရိုက်မတွေ့ရသော်လည်း ယွန်းနှင့် ပတ်သက်ဆက်နွှယ်နေသော အသုံးအဆောင်ပစ္စည်းများကိုမူ ပုဂံခေတ်ကျောက်စာများတွင် တွေ့ရှိရပါသည်။ ပန်းယွန်းဟုဆိုရာ၌ ပြုလုပ်ပုံနည်းစနစ်မတူညီခြင်းကြောင့် ကညစ်ယွန်း၊ ရွှေဇဝါယွန်း၊ သရိုးပန်းကြွယွန်း၊ မှန်စီရွှေချယွန်းနှင့် ခေတ်မီယွန်း အစရှိသဖြင့် ကွဲပြားသည်ကိုလည်း လေ့လာရပါသည်။

မြန်မာ့ယွန်း အကြောင်းကို ရှေးဟောင်းအမွေအနှစ်များ၊ ကျောက်စာစာပေများတွင် လက်လှမ်းမီသမျှ ပြန်လည်ရှာဖွေလေ့လာပါက ယွန်းထည်များကို လူသုံး၊ အိမ်သုံး၊ အသုံးအဆောင်များအပြင် ဘာသာရေး၊ သာသနာရေး အသုံးအဆောင်များအထိ ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ရှေးမြန်မာမင်းများလက်ထက် အိမ်နီးချင်းနိုင်ငံများသို့ လက်ဆောင်ပဏ္ဏာ အပြန်အလှန်ပေးပို့ရာတွင်လည်း ယွန်းထည်များကို အဆန်းတကြယ် ပြုလုပ်ပေးပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပုဂံခေတ် ကျန်စစ်သားမင်း လက်ထက်တွင် ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်များ တိုးချဲ့ဆောက်လုပ်ပြီး အနုပညာလုပ်ငန်းများကို အားပေးခဲ့ကြရာမှ သထုံပြည် မနူဟာမင်းနှင့်အတူ ပါလာသည့် မွန်အနုပညာသည်များ၊ အိန္ဒိယမှလာသည့် အနုပညာသည်များနှင့် ရှေးဟောင်းပျူအဆက်အနွယ် အနုပညာရှင်တို့ စုံလင်စွာ စုပေါင်း၍ ထပ်ဆင့်တီထွင်ခဲ့ကြသဖြင့် ပန်းဆယ်မျိုး အနုပညာလုပ်ငန်းများ အပြိုင်အဆိုင် တိုးတက်လာခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ့ယွန်းအတတ်ပညာကို ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းပြီး ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ရခြင်းကြောင့် ယခုအခါ မြန်မာ့ယွန်းထည်များ နိုင်ငံတကာမှ ပိုမိုနှစ်သက်လက်ခံလာသည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

မြန်မာတို့သည် ပန်းယွန်းအတတ်ပညာကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်အဖြစ် သားစဉ်မြေးဆက် လက်ဆင့်ကမ်း လုပ်ကိုင်ဆောင်ရွက်ရင်း ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ မြန်မာ့ပန်းယွန်းပညာကို စာပေပညာရှင်များနှင့် သုတေသီတို့က အထောက်အထား အမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ဖြင့် ရေးသားဖော်ပြခဲ့ကြသည်။ အချို့သုတေသီများက မြန်မာ့ယွန်းပညာသည် တရုတ်နိုင်ငံမှ ရောက်ရှိပြန့်ပွားလာသော ပညာဟု ဆိုကြသည်။

တရုတ်နိုင်ငံတွင် ယွန်းလုပ်ငန်း အတတ်ပညာသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် ပေါ်ပေါက်ထွန်းကားနေသော ပညာရပ်ဖြစ်သည်။ မြန်မာတို့သည် တရုတ်တို့နှင့် အဆက်အသွယ်ရှိခဲ့ကြကြောင်း ရှေးဟောင်းမှတ်တမ်းများအရ သိရှိရပါသည်။ အေဒီ ၅၀၀-၉၀၀ အတွင်း မြန်မာနိုင်ငံမှ အစောဆုံး ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။ ၎င်းတို့သည် တရုတ်နိုင်ငံမှ ယွန်းအတတ်ပညာနှင့် အခြားသော ယဉ်ကျေးမှုများကို လေ့လာခဲ့ကြခြင်းဖြစ်သည်ဟု လုစ်ဂေါ်ဒွန် (Luce Gordan) က ယူဆထားပါသည်။

## ပန်းယွန်းပညာရပ် ပျောက်ကွယ်လုနီးပါး ဖြစ်လာခြင်း

မြန်မာ့ပန်းယွန်း လက်မှုအနုပညာအတတ်ကို ရှေးအခါက မြန်မာပြည်အနှံ့ ပုဂံ၊ စလေ၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ကာရွာ(မုံရွာမြို့)၊ တန့်ဆည်၊ ဝက်သဲ၊ မောင်းထောင်၊ ရေဦး၊ အင်းလေး၊ လဲချား၊ ကျိုင်းတုံ စသည့်ဒေသများတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ကြပါသည်။ မောင်းထောင်ယွန်း၊ ကျောက်ကာယွန်း၊ လဲချားယွန်း၊ ပုဂံယွန်းဟူ၍ ဒေသအမည်နှင့် ယွန်းပစ္စည်းကို တစ်ပါတည်း ခေါ်ဝေါ်သမုတ်လျက် ထင်ရှားကျော်ကြားခဲ့ပါသည်။ ယခုအခါ ပန်းယွန်းလုပ်ငန်းများကို ပုဂံဒေသနှင့် ကျောက်ကာ(မုံရွာ)ဒေသ၊ ကျိုင်းတုံဒေသများ၌သာ လုပ်ကိုင်နေကြပြီး ကျန်ဒေသများတွင် ပျောက်ကွယ်လုနီးပါး အခြေအနေဖြစ်ပါသည်။

"ယွန်းလုပ်ငန်းတွေက ကိုဗစ်ကာလလောက်ကစပြီး ရပ်ထားတာ အခုအချိန်အထိပဲ။ အလုပ်ရုံကြီးတွေလည်းရပ်၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းလေးတွေလည်းရပ်။ ယွန်းဈေးကွက်က ဧည့်သည်ကို မှီခိုပြီး လုပ်ရတာဆိုတော့ ဧည့်သည် မလာရင်ထိတာပဲ" ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

"ရှေးတုန်းကတော့ အိမ်တွေမှာ ယွန်းကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆွမ်းအုပ်၊ ရေခွက်တို့ကို အသုံးပြုကြတော့ အရောင်းအဝယ်ကောင်းတာပေါ့။ ၁၉၆၀ ပြည့်နှစ်ကျော်လောက်အထိ မြင်းကပါသားတွေ ၁၂ ပွဲ လှည့်ပြီး ရောင်းတာရှိခဲ့တယ်။ အခုတော့ ထိုင်းရောင်း၊ အမှာရှိရင်ပို့ပဲ၊ ၁၂ ပွဲ မလှည့်နိုင်တော့ဘူး။"

"ပုဂံယွန်း အသက်ဆက်နေတာ နိုင်ငံခြား ဧည့်သည်တွေကြောင့်လည်း ပါတယ်။ ပြည်တွင်းဘုရားဖူးတွေကတော့ ပုဂံရောက်တုန်း အမှတ်တရအဖြစ်သာ ဝယ်တာများတော့ တန်ဖိုးကြီး၊ အနုစိတ်တဲ့အထည်တွေ မရောင်းရဘူး။ ဟိုတယ်တွေ၊ ငွေကြေးတတ်နိုင်သူတွေကတော့ အလှဆင်ဖို့အတွက် ဝယ်တာတွေရှိတယ်။ ဒါကလည်း နည်းပါတယ်"ဟု ပြောပါသည်။

"ဒီနေ့ ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ ယွန်းလုပ်ငန်းတွေမှာ အမွေဆက်ခံမယ့် သားသမီးရှားပါးလာခြင်းပါပဲ။ မြင်းကပါက ယွန်းလုပ်ငန်းတွေ မိရိုးဖလာပညာကို အဆင့်ဆင့်လက်ဆင့်ကမ်းခဲ့တာ။ သင်တန်းတွေ ဘာတွေနဲ့ သင်တာမဟုတ်ဘူး။ လုပ်ငန်းခွင်မှာ လုပ်ရင်း သင်ယူရတာပဲ။ မိဘက သင်ပေးတာရှိသလို ဆရာတွေဆီမှာ သင်ပေးပါ၊ ခိုင်းပါဆိုပြီး အပ်တာလည်းရှိတယ်။ နွေကျောင်းပိတ်ရက်ဆိုရင် မိန်းကလေးရော ယောကျ်ားလေးပါ ယွန်းပညာသင်ရတာ ထုံးစံပဲ။ အခုနောက်ပိုင်းမှာတော့ ကလေးတွေက ယွန်းသင်တာထက် ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ လုပ်တာ၊ ခရီးသွားလုပ်ငန်းမှာ ဝင်လုပ်တာကို ပိုပြီးစိတ်ဝင်စားတယ်။ ဝင်ငွေလည်း ကောင်းတယ်။ ယွန်းလုပ်ငန်းလိုလည်း ပညာသင်ရတာ လက်မဝင်ဘူး။ ဒါကြောင့် ယွန်းပညာသင်တဲ့ လူငယ်တွေ မရှိသလောက် ဖြစ်လာပြီ။ အခုဆေးသွင်း၊ ပုံဆွဲလုပ်နေတဲ့သူတွေက အသက်သုံးဆယ်တမ်းတွေ၊ သူတို့နောက်မှာ အမွေဆက်ခံမယ့်သူ မရှိတော့ဘူး။ ဒီအတိုင်းဆက်သွားရင် ယွန်းပညာ မျိုးဆက်ပြတ်တော့မယ်" ဟု လုပ်ငန်းရှင်တစ်ဦး၏ ညည်းတွားပြောဆိုမှုကို ကြားခဲ့ရပါသည်။

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယွန်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

❖ ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်တွင် ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်များ တိုးချဲ့ ဆောက်လုပ်ပြီး အနုပညာလုပ်ငန်းများကို အားပေးခဲ့ကြရာမှ သထုံပြည် မနူဟာမင်းနှင့်အတူ ပါလာသည့် မွန်အနုပညာသည်များ၊ အိန္ဒိယမှလာသည့် အနုပညာသည်များနှင့် ရှေးဟောင်း ပျူအဆက်အနွယ် အနုပညာရှင်တို့ စုံလင်စွာစုပေါင်း၍ ထပ်ဆင့်တီထွင်ခဲ့ကြသဖြင့် ပန်းဆယ်မျိုး အနုပညာလုပ်ငန်းများ အပြိုင်အဆိုင် တိုးတက်လာခဲ့

❖ မြန်မာ့ယွန်းအတတ်ပညာကို ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းပြီး ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းကြောင့် ယခုအခါ မြန်မာ့ယွန်းထည်များ နိုင်ငံတကာမှ ပိုမိုနှစ်သက် လက်ခံလာသည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီ

*စာမျက်နှာ ၆ မှ*

**ပန်းယွန်းဈေးကွက်ရဲ့ အခက်အခဲနှင့် ကန့်သတ်ချက်များ**

ယွန်းထည်ပစ္စည်း ထုတ်ကုန်များသည် လက်မှုပစ္စည်းများဖြစ်သည်နှင့်အညီ ထုတ်လုပ်ရာတွင် အနုပညာမြောက်ထုတ်လုပ်ဖန်တီးရသဖြင့် ထုတ်လုပ်သည့် ကာလကြာမြင့်တတ်ပါသည်။ ယွန်းထည်တစ်မျိုး ထုတ်လုပ်ရန် အခြောက်ခံကာလသည် အနည်းဆုံး ခြောက်လခန့်ကြာမြင့်ပါသည်။ ပြည်ပမှ မှာယူလိုသူများ များစွာရှိသော်လည်း အချိန်ကိုက် ယွန်းထုတ်ကုန်ပစ္စည်းများကို လိုသလောက်ပေးပို့ရန် အခက်အခဲရှိပါသည်။ ဈေးကွက်ဝယ်လိုအားရှိသော်လည်း ထုတ်လုပ်နိုင်မှုပမာဏ အကန့်အသတ်ရှိနေခြင်းက ဈေးကွက်ထိုးဖောက်မှုအတွက် အဟန့်အတားဖြစ်စေလျက်ရှိပါသည်။

ထို့ပြင် ယနေ့ ယွန်းထည်ထုတ်လုပ်သော လုပ်ငန်းရှင်အများစုသည် ဈေးကွက်အပေါ်လိုက်ပြီး အရည်အသွေးပိုင်းတွင် အလျော့အတင်းပြုလုပ်၍ ထုတ်လုပ်လာကြသဖြင့် ယွန်းထည်ပစ္စည်း၏ အရည်အသွေးကို အာမခံပေးရန် ခက်ခဲလာလျက်ရှိပါသည်။ အခြားသော အခက်အခဲမှာ ယွန်းထည်ပစ္စည်းများတွင် စံကိုက်စနစ် (Standard Size) မရှိခြင်းဖြစ်ပါသည်။ ဥပမာ ပြည်ပမှ တစ်ပေ ဆွမ်းအုပ်မှာသည်ဆိုပါက ဆွမ်းအုပ်၏ ထိပ်ဖူးမှ အောက်ခံအထိ တစ်ပေအမြင့်ရှိပြီး ထိပ်ဖူးအရွယ်အစား မည်မျှရှိရမည်၊ ကိုယ်ထည်၏ အကျယ်သည် မည်မျှရှိရမည် စသည်ဖြင့် စံကိုက်သတ်မှတ်ထားသော (Standard Size) ရှိမနေခြင်းဖြစ်ပါသည်။

ပြည်ပက ယွန်းပစ္စည်းများ မှာယူရာတွင် ယွန်းလုပ်ငန်းရှင်များစွာက ပစ္စည်းတစ်မျိုးတည်းကိုပင် ပုံစံအမျိုးမျိုးဖြင့် ပေးပို့ရောင်းချနေကြလျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထို့ပြင် ယွန်းပစ္စည်းများသည် လွန်စွာတန်ဖိုးကြီးမားသော်လည်း ခိုင်ခံ့လုံလုံသေသပ်သော ထုပ်ပိုးမှုပုံစံ ရှိမနေခြင်းကလည်း ယွန်းဈေးကွက်အတွက် လိုအပ်ချက်အဖြစ်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အဆိုပါ အခက်အခဲများနှင့် ကန့်သတ်ချက်များ ကျော်လွှားနိုင်စေရန် ယခုအခါ ယွန်းပညာကောလိပ်တွင် မြန်မာ့ယွန်းလုပ်ငန်းရှင်များ အသင်းမှ အသင်းဝင်လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ယွန်းပစ္စည်းထုပ်ပိုးမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေး နည်းလမ်းများအား ဆွေးနွေးချပြခြင်း၊ ယွန်းပစ္စည်းများအား စံကိုက်စနစ်တစ်ခုထားရှိရေး ဆွေးနွေးပြောကြားခြင်းနှင့် ယွန်းအခြောက်ခံကာလ ပိုမိုတိုတောင်းစေရန် ဆောင်ရွက်နိုင်သည့် ခေတ်မီနည်းစနစ်များအား သရုပ်ပြဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပန်းယွန်းအတတ်ပညာသင်ကျောင်း စတင်ဖွင့်လှစ်ခြင်း**

အဆိုပါ ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ပန်းယွန်းအတတ်ပညာကို မတိမ်ကော မပပျောက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ အင်္ဂလိပ်အစိုးရလက်ထက် ပုဂံဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သူ ဝန်ထောက်မင်း ဦးတင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်၏ အမြော်အမြင်ရှိမှုကြောင့် ယွန်းကုန်သည်ကြီးများ ပူးပေါင်း၍ ပုဂံမြို့တွင် မြန်မာ့ပထမဆုံး ယွန်းထည် လုပ်ငန်းအတတ်သင်ကျောင်းကို ကိုယ်ထူကိုယ်ထ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် အစိုးရအသိအမှတ်ပြု ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ကြောင်း လေ့လာရပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ် မတ်လတွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို သုံးနှစ်သင်တန်းမှ တစ်နှစ်သင်တန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အထိ ငါးနှစ်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ တပ်မတော်က အစိုးရအဖြစ် တာဝန်ယူခဲ့သည့် ၁၉၉၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းမှ မြန်မာ့ယွန်းသိပ္ပံအဆင့်သို့ လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ နှစ်တစ်ရာတိုင်တိုင် ကျော်ခဲ့ပြီးဖြစ်ပါသည်။ ကောလိပ်တစ်ခု၏ အင်္ဂါရပ်နှင့် လျော်ညီစွာ စာသင်ခန်းမများ၊ ဘွဲ့နှင်းဆောင်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ခတ်ခွဲခန်း၊ သုတေသနအလုပ်ရုံ၊ စာကြည့်တိုက်၊ အားကစားကွင်း စသည်ဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်က ဖြည့်ဆည်းဆောင်ရွက်ထားရှိပေးပြီး ဖြစ်ပါသည်။

**သင်တန်းများဖွင့်လှစ်ပေးလျက်ရှိခြင်း**

ယွန်းပညာကောလိပ် (ပုဂံ) တွင် ယွန်းအတတ်ပညာ ဒီပလိုမာတစ်နှစ်သင်တန်း (တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ် မကျော်သူများ)အား လက်ခံသင်ကြားပေးလျက်ရှိသည့်အပြင် ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်း (တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် ၂၅ နှစ် မကျော်သူများ)အား လက်ခံသင်ကြားပေးလျက်ရှိပါသည်။ ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်း အောင်မြင်ပြီးသူများသည် စီးပွားရေးတက္ကသိုလ်များသို့ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၁ ခုနှစ်အထိ ပေါင်းကူးတက်ရောက်ခွင့် ရရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ်မှ ယနေ့အထိ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း၊ သန်လျင်)များသို့ ပေါင်းကူးတက်ရောက်ခွင့် ရရှိလျက်ရှိပြီး သက်ဆိုင်ရာတက္ကသိုလ်များမှ ပေးအပ်သော ဘွဲ့များကိုရရှိကြပါသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း၊ သန်လျင်)မှ ပေးအပ်သောဘွဲ့များမှာ စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) B.BSc (Social Enterprises Management)၊ စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) B.BSc (Regional Development)၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ) B.BSc (Accounting & Finance)၊ စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ) B.BSc (Marketing Manage-ment)နှင့် စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ) B.BSc (Applied Statistics) တို့ ဖြစ်ပါသည်။

**ကာလတိုသင်တန်းများဖွင့်လှစ်ပေးနိုင်မှု**

ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည် ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်း နည်းပညာသင်တန်း၊ သရိုးပန်းကြွယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန်ယွန်းထည်ပစ္စည်းထုတ်လုပ်မှုသင်တန်းတို့ ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကာလတိုသင်တန်း (၂၆)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၄၄၅ ဦးအား သင်ကြားပေးခဲ့ပြီးဖြစ်ပါသည်။

ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ အခြေခံယွန်းပညာသင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာသင်တန်းသား ၁၄၀၊ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းသား ၁၂၄ ဦး၊ ယွန်းအတတ်ပညာဒီပလိုမာတစ်နှစ် အထူးသင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်းသား (တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးအား ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

**ယွန်းပညာသင်တန်းသားများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်း**

၁၉၂၄ ခုနှစ် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် စတင်ရပ်တည်ခဲ့သည့်အချိန်တွင် စတုတ္ထတန်းအောင်မြင်သူများအား လက်ခံသင်ကြားပေးပြီး ပညာသင်ကာလမှာ သုံးနှစ်ဖြစ်ပါသည်။ ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ပထမနှစ်သင်တန်းသားတစ်ဦးလျှင် ၅ ကျပ်၊ ဒုတိယနှစ်သင်တန်းသားတစ်ဦးလျှင် ၇ ကျပ်နှင့် တတိယနှစ်သင်တန်းသားတစ်ဦးလျှင် ၁၀ ကျပ်နှုန်းဖြင့် ၁၉၄၇ ခုနှစ်အထိ လစဉ်ထောက်ပံ့ပေးခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင် ပညာသင်ထောက်ပံ့ကြေးများကို ပညာသင်နှစ်အလိုက် ၁၅ ကျပ်၊ ၁၈ ကျပ်နှင့် ကျပ် ၂၀ အထိ တိုးမြှင့်ထောက်ပံ့ခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း၏ ပညာသင်ကာလအား သုံးနှစ်မှ တစ်နှစ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး သင်တန်းသားများအား လစဉ်ပညာသင်ထောက်ပံ့ကြေး ကျပ် ၂၀ ချီးမြှင့်ခဲ့ပါသည်။ သင်တန်းကာလ တစ်နှစ်ဖြင့် ငါးနှစ်ကြာဖွင့်လှစ်ခဲ့ပြီး ၁၉၆၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် သင်တန်းကာလအား နှစ်နှစ်အဖြစ် ထပ်မံပြောင်းလဲ ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသားများကိုလည်း လစဉ်ပညာသင်ထောက်ပံ့ကြေး ကျပ် ၄၀ သို့ တိုးမြှင့်ထောက်ပံ့ပေးခဲ့ပါသည်။

၁၉၈၆-၁၉၈၇ ပညာသင်နှစ်မှစ၍ သင်တန်းသားများသာမက သင်တန်းသူများကိုပါ လက်ခံသင်ကြားပေးခဲ့ပြီး လစဉ် ပညာသင်ထောက်ပံ့ကြေးအား ကျပ် ၆၀ အထိ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။ ၁၉၉၀ - ၁၉၉၁ ပညာသင်နှစ်မှစ၍ သင်တန်းသားများသည် အဆောင်အခမဲ့နေထိုင်ခွင့်ရရှိခဲ့ပြီး လစဉ်ပညာသင်ထောက်ပံ့ကြေးကိုလည်း ကျပ် ၂၄၀ အထိ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့ယွန်းအတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်ရှင်သန်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၉၉၅ ခုနှစ် မေလတွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းမှ မြန်မာ့ယွန်းသိပ္ပံအဖြစ်သို့ အဆင့်မြှင့်တင်ခဲ့ပြီး လစဉ် ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျပ် ၃၀၀ သို့ တိုးမြှင့်ပေးခဲ့ပါသည်။

၁၉၂၄ ခုနှစ်တွင် ပုဂံဝန်ထောက်မင်း ဦးတင် စတင်တည်ထောင်ခဲ့သည့် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းသည် ခေတ်အဆက်ဆက် အနုပညာမြတ်နိုးသူများ၏ လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ခဲ့မှုများကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ယွန်းပညာကောလိပ်အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေးအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လစဉ်ပညာသင် ထောက်ပံ့ကြေးကျပ် ၁၈၀၀၀ သို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ လစဉ်ပညာသင်ထောက်ပံ့ကြေးကျပ် ၃၀၀၀၀ သို့လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ထောက်ပံ့၍ မြန်မာ့ယွန်းအနုပညာရပ် အမွေခံကျောင်းသားများအား လက်ဆင့်ကမ်း ပျိုးထောင်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



၁၉၂၄ ခုနှစ် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း။

**❛ ၁၉၂၄ ခုနှစ်တွင် ပုဂံဝန်ထောက်မင်း ဦးတင် စတင်တည်ထောင်ခဲ့သည့် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းသည် ခေတ်အဆက်ဆက် အနုပညာမြတ်နိုးသူများ၏ လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ခဲ့မှုများကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ယွန်းပညာကောလိပ်အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေးအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လစဉ်ပညာသင်ထောက်ပံ့ကြေးကျပ် ၁၈၀၀၀ သို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ လစဉ်ပညာသင်ထောက်ပံ့ကြေးကျပ် ၃၀၀၀၀ သို့လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ထောက်ပံ့၍ မြန်မာ့ယွန်းအနုပညာရပ် အမွေခံကျောင်းသားများအား လက်ဆင့်ကမ်း ပျိုးထောင်လျက်ရှိ ❜**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ဇာတ်တော်ကြီး**

ပထမဆုရ မွန်ပြည်နယ်ကိုယ်စားပြု မင်းနိုင်စိုးနှင့်အဖွဲ့ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်ပြိုင်ပွဲတွင် ဤသို့ ဆင်စီးပြကွက်ကလည်း ရင်သပ်ရှုမောဖွယ်ရာပင်ဖြစ်သည်။




**အဆို**

မဟာဂီတအဆို ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် ခွာပြာသင်း (ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




**အရေး**

ဝါသနာရှင် ပထမတန်းအဆင့်အရေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသီဟ "မြန်မာ့ရိုးရာ အမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။




**အတီး**

ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းသာ "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အက**

ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ထားဝရမျိုးလေး (ခ) မျိုးမင်းထွန်း ဝါသနာရှင် ပထမတန်း အဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ဤသို့လှပစွာ ကပြယှဉ်ပြိုင်စဉ်။



**ရုပ်စုံ**

ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်ပထမတန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင်စင်တော်ကြီးအဖွဲ့၏ အနုပညာရသမြောက်စွာ တင်ဆက်မှုကို တွေ့ရစဉ်။



## ဇာတ်တော်ကြီး

ဝါသနာရှင် ပထမတန်းအဆင့် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့၏ ယှဉ်ပြိုင်မှုကလည်း ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။




## အဆို

ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ဒေါ်ကြူကြူခိုင် "စိန်မြရံခြယ်"(မွန်) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



## ရုပ်သေးကြိုးဆွဲ

ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်စွမ်းမင်းထက် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ယှဉ်ပြိုင်စဉ်။



## အက

ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ ဒေါ်ကြူကြူဝင်း (ခ) အေးချမ်းငြိမ်း၏ ကပြဟန်ကလည်း စည်းဝါးနရီပိုင်နိုင်လှ၏။




## ကွက်စိပ်

ဝါသနာရှင် ပထမတန်းအဆင့် ကွက်စိပ်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသက် (ခ) ဘိသိက် ဇော်လင်း "မဟာသုတသောမ ဇာတ်တော်"ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။




## ဆိုင်းအဖွဲ့လိုက်အတီး

ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ဆန်းမျိုး (ခ) အောင်ကျော်မျိုးနှင့်အဖွဲ့ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၏ တီးခတ်ယှဉ်ပြိုင်နေမှုကလည်း မြူးမြူးကြွကြွ ရှိလှသည်။

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားကျင်းပ

## ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများမြှင့်တင်ရေး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန်ရည်ရွယ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများ ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

**သတင်းရယူမှုအခြေအနေ**
**တိုးမြှင့်လာစေရန်ရည်ရွယ်ကျင်းပ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO က ဦးဆောင်၍ ၂၀၁၂ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်းကျင်းပလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေ တိုးမြှင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများ မြှင့်တင်ရေးစည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ်၏ ဆောင်ပုဒ်သည် "The New Digital Frontiers of Information: Media and Information Literacy for Public Interest Information" "သတင်းအချက်အလက် ဒစ်ဂျစ်တယ် နယ်နိမိတ်အသစ်၊ ပြည်သူ့အကျိုးစီးပွား သတင်းအချက်အလက်အတွက် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု" ဖြစ်ပြီး အခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဆိုရှယ်မီဒီယာကို အကျိုးရှိရှိအသုံးချစေလို**

ဆိုရှယ်မီဒီယာကို အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ ရှေ့ဆက်ရမည့်ဘဝကိုလည်း စာပေ၊ အသိပညာ၊ အတတ်ပညာများဖြင့် ဖြတ်သန်းစေလိုကြောင်း၊ စာများများဖတ်စေလိုကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း လူငယ်များကို တန်ဖိုးထား၊ အလေးထားပါကြောင်း၊ လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ကြစေ လိုကြောင်း ပြောကြားသည်။

**မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ**
**စာအုပ်များ ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာပေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကြီးကြပ်ဆရာ၊ ဆရာမများအား မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ပါဝင်ဆွေးနွေးသူများက**
**ရှင်းလင်းဖြေကြား**

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို "မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု အရေးပါပုံ" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ဒေါက်တာတင်ဘုန်းကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာကျော်ကျော်လင်း၊ စာရေးဆရာမ ဒေါ်သက်သက်နွယ် (သက်သက်နွယ်-ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်ဝင့်အေး (တရားလွှတ်တော်ရှေ့နေ)တို့က Artificial Intelligence(AI) နည်းပညာဖြစ်ပေါ်လာပုံ၊ နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု အရေးပါပုံနှင့် စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြရာ ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ပါဝင်ဆွေးနွေးသည့် ဆရာ၊ ဆရာမများက ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြီးကြပ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကံစမ်းမဲများ ဖောက်ပေးခဲ့သည်။

**သတင်းစဉ်**



## အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၄**

နတ်တလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နတ်တလင်းမြို့ တာပွန်တောင်ပိုင်း(၂)ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ဖြစ်သူ တပ်သားဉာဏ်အေး (အငြိမ်းစား)အား အသက် ၁၀၁ နှစ် ဂါရဝပြု ထောက်ပံ့ငွေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက သွားရောက် ပေးအပ်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားဉာဏ်အေး (အငြိမ်းစား)အား ဂါရဝပြု နှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေ ကျပ် ၅၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် နတ်တလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

အလားတူ ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကဒုံစီးရပ်ကွက်နေ တပ်သား ချစ်လှ (အငြိမ်းစား) အသက် ၁၀၂ နှစ်အား ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာယာဝတီ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှုစစ်ဆေး

**သာယာဝတီ အောက်တိုဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သာယာအေးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် သာယာအေးကျေးရွာတွင် အရှည်ပေ ၆၀၀၀၀၊ အကျယ် ၁၂ ပေ၊ ထု မြေသား နှစ်ပေ၊ ထု ကိုးလက်မရှိ ဂဝံ + ကျောက်ရောမြေနီခင်းခြင်းနှင့် အလျား ပေ ၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၀၀ ဒသမ ၅၀၃ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**၂၂၂**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၆) ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်မှ ၂၅ရက် အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပ လျက်ရှိသည်။

**အမှာစကားများပြောကြား**

အောက်တိုဘာ ၂၄ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် (၄၆) ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၌ (၄၅) ကြိမ်မြောက် အာဆီယံလယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီး H.E Hon. Datuk Seri Haji Mohamad Bin Sabu နှင့် အိမ်ရှင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က အဖွင့်အမှာ စကားများ ပြောကြားကြသည်။


ထို့နောက် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ (၄၆) ကြိမ်မြောက်လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိတာဝန်များကို လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံမှလယ်ယာ စိုက်ပျိုးရေး သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်၊ အဆင့်မြင့် အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ သည်။

**ပူးပေါင်းဆောင်ရွက်ရေး**

အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ သီးနှံအကြွင်းအကျန်များ မီးရှို့ရှင်းလင်းခြင်း လျှော့ချနိုင်ရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်များ၊ အန္တရာယ်ဖြစ်စေနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများ အသုံးပြုခြင်းအား လျှော့ချနိုင်မည့် လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုလျော့နည်းစေရေး သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများ၊ အပြာရောင်အဏ္ဏဝါစီးပွားရေးစနစ်ဖော်ဆောင်ရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ် နည်းပညာ အသုံးပြုနိုင်ရေးနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။



ဆက်လက်၍နိုင်ငံအသီးသီးမှ ဝန်ကြီးများက အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်တွင် ပါဝင်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ် ၁၆ ခု၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့စဉ် ကာလအတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေးနှင့် သက်ဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ် နှစ်ခုနှင့် မလေးရှားနိုင်ငံမှဆောင်ရွက်မည့် စီးပွားရေးနှင့် သက်ဆိုင်ရာ ဦးစားပေး လုပ်ငန်းစဉ်တစ်ခုတို့ကို အတည်ပြုခြင်း၊ လုပ်ငန်းရပ် ၁၁ ခုကို မှတ်တမ်းတင်ခဲ့ခြင်းနှင့် အာဆီယံအသိုက်အဝန်း (၂၀၄၅) ၏ မျှော်မှန်းချက်နှင့် ကိုက်ညီမှုရှိသည့် အာဆီယံစိုက်ပျိုးရေး၊ စားရေရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၂၆ - ၂၀၃၀) ရေးဆွဲရာတွင် ထည့်သွင်းရမည့် အဓိကလုပ်ငန်းစဉ်များနှင့် လုပ်ငန်းရပ်များအပေါ် လမ်းညွှန်မှုပြုခဲ့ကြသည်။

**ပူးတွဲကြေညာချက်အတည်ပြု**

ထို့ပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ဆောင်ရွက်စဉ် ကာလအတွင်း "အာဆီယံနိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရန် သီးနှံအကြွင်းအကျန်များဆိုင်ရာ အချက်အလက်များအပေါ် လေ့လာဆန်းစစ်၍ ဇီဝမီးသွေး ထုတ်လုပ်နိုင်ရေး စီမံကိန်း"ကို အဆိုပြုခဲ့သည်။ အစည်းအဝေးတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော ERIAI , CropLife Asia , US-ASEAN Business Council , EU-ASEAN Business Council တို့မှလည်း ပါဝင်ဆွေးနွေးခဲ့ကြပြီး (၄၆) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

ဝန်ကြီးများ အစည်းအဝေးများမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးများဖြစ်သည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အစည်းအဝေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**ဆက်လက်ကျင်းပမည်**

အာဆီယံ အပေါင်းသုံးနိုင်ငံ အစည်းအဝေးများနှင့် အာဆီယံအပေါင်း အိန္ဒိယအစည်းအဝေးများကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကို အောက်တိုဘာ၂၃ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ ကျင်းပလျက်ရှိရာ ညီလာခံ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ပတ္တမြားခန်းမ၌ ကျင်းပသည်။




ညီလာခံပိတ်ပွဲ အခမ်းအနားသို့ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့် ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့်ရုရှား၊ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers)ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE)တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံပိတ်ပွဲ အခမ်းအနားတွင် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခြင်း၊ အာဆီယံရဲအဖွဲ့ အထိမ်းအမှတ်ကမ္ပည်းပြားကို (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ထိုင်းတော်ဝင်ရဲအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ၏ သဘာဝအလှတရားများကို ဖော်ကျူးထားသည့် ဗီဒီယိုအား ပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ညီလာခံအပိတ်မိန့်ခွန်း ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ညပိုင်းတွင် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံအား နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံ ကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံကျင်းပစဉ်ကာလအတွင်း အောက်တိုဘာ၂၃ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့ တို့အကြား သီးခြားစီတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ရှိအိမ်ရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့တို့အကြား ချစ်ကြည်ရေး ဖူဆယ်ဘောလုံး ပြိုင်ပွဲကျင်းပခြင်း၊ ဧည့်သည်တော်များ၏ ဇနီးများအတွက် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်သည့် အစီအစဉ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လေ့လာခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်တို့အား သွားရောက်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာခြင်း၊ ဒုတိယအကြိမ် စုံညီအစည်းအဝေးကျင်းပခြင်းနှင့် ညီလာခံပိတ်ပွဲ အခမ်းအနား ပြီးစီးချိန်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**
နေပြည်တော် ကောင်စီနယ်မြေ Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာ့ရိပ်သာအိမ်ရာဝန်း တည်ဆောက်မည့်နေရာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာ တည်ဆောက်မည့် နေရာအသီးသီး၌ ရတနာပန္နက်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာ တည်ဆောက်မည့် ပုံစံဒီဇိုင်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၄**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management-AMMDM)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည်။



အောက်တိုဘာ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအလိုက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အစည်းအဝေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး အိမ်ရှင် ဘရူနိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ၊ အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးဥက္ကဋ္ဌ၊ H.E. Dato Seri Setia Awang Haji Ahmaddin bin Haji Abdul Rahman က တည်ခင်းဧည့်ခံသော ညစာစားပွဲ အခမ်းအနားသို့ အခြားသော အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာတာဝန်ရှိ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် အာဆီယံနေ့ အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပထမပိုင်း အစီအစဉ်များသို့ တက်ရောက်သည်။ ယင်းနောက် “Building Resilient ASEAN through Inclusive and Sustainable Disaster Recovery” ဆောင်ပုဒ်ဖြင့် ကျင်းပသည့်(၁၂)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ ဆက်လက် တက်ရောက်သည်။

အစည်းအဝေးတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ဝန်ကြီးများက ပြောကြားကြရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော “Building Resilient ASEAN through Inclusive and Sustainable Disaster Recovery”သည် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အာဆီယံဖြစ်လာစေရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ညီမျှတအောင် ကြိုးပမ်းအားထုတ်နေရပါကြောင်း၊ တွေ့ကြုံလာရသော အဟန့်အတားမှန်သမျှကို တစ်နိုင်ငံချင်းစီအလိုက် တုံ့ပြန်ရန် အကန့်အသတ်များစွာ ရှိပါကြောင်း၊ ဒေသတွင်းနိုင်ငံအားလုံးပါဝင်သည့် တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှုဟူသည့် အာဆီယံ၏ ခိုင်မြဲသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒလမ်းစဉ်ဖြင့်သာ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အာဆီယံ အသိုက်အဝန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ အာဆီယံနိုင်ငံများကလည်း သက်ဆိုင်ရာနိုင်ငံများအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲ ဆောင်ရွက်နေမှုများကို ပြောကြားကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဌာန (AHA Centre) တို့က ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် အကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေ ရရှိသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဝန်ကြီးများက မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးကို ခေတ္တရပ်နား၍ အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများသည် ဘရူနိုင်းနိုင်ငံ တော်ဝင် အိမ်ရှေ့မင်းသားအိမ်တော်သို့ သွားရောက်ကာ အိမ်ရှေ့မင်းသား Haji Al-Muhtadee Billah ကို တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆက်လက်ရွေ့လျားနိုင်**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၂၅-၁၀-၂၀၂၄ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့်အနောက် ဘင်္ဂလားပြည်နယ် ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုးကြီးနိုင်**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” ၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် / မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

**ကြိုတင်သတိပြုရန်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



စစ်ကိုင်းမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် စည်းကမ်းလိုက်နာမှု မရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ၊ ဒေသန္တရ အမိန့်ထုတ်ပြန်ချက်အား လိုက်နာမှုမရှိသော ယာဉ်မောင်းနှင်သူများကို ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၃ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

# ဆိုင်ကလုန်းမုန်တိုင်း ဒါနာ ပိုမိုအားကောင်းလာသဖြင့် မုန်တိုင်းအန္တရာယ်သတိပေးချက် ဘင်္ဂလားဒေ့ရှ် ထုတ်ပြန်

**ဒါကာ အောက်တိုဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းသို့ ဦးတည်ချဉ်းကပ်လာနေသည့် အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ဒါနာနှင့်ပတ်သက်ပြီး သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာန၏ အထူးသတင်းထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ထုတ်ပြန်လိုက်သော အထူးသတင်းထုတ်ပြန်ချက်၌ ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချက်တိုဂရမ် ပင်လယ်ဆိပ်ကမ်းအနောက်တောင်ဘက် ၅၉၅ ကီလိုမီတာခန့်အကွာကို ဗဟိုပြုနေကြောင်း ဖော်ပြထားသည်။ အဆိုပါနေရာသည် မြို့တော်ဒါကာ အရှေ့တောင်ဘက် ၂၄၂ ကီလိုမီတာအကွာတွင်တည်ရှိသည်။

မုန်တိုင်းဗဟိုချက်၏ ၆၄ ကီလိုမီတာအတွင်း အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၉၀ ကီလိုမီတာမှ ၁၁၀ ကီလိုမီတာအထိ မြင့်တက်လာနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေကြောင်းဆိပ်ကမ်းအားလုံးအတွက် သတိပေးချက်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ပြီး အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပိုမိုအားကောင်းလာသည့် ဆိုင်ကလုန်းမုန်တိုင်း ဒါနာသည် အိန္ဒိယနိုင်ငံ ဩဒိသကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်နိုင်ပြီးနောက် အိန္ဒိယအရှေ့ပိုင်းပြည်နယ် အနောက်ဘင်္ဂလားသို့ တဖြည်းဖြည်း ရွေ့လျားသွားကာ နောက်ဆုံးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ခူနာဒေသသို့ ဦးတည်ရွေ့လျားလာဖွယ်ရှိသည်။

မုန်တိုင်း၏အရှိန်ကြောင့် မြောက်ဘက်ပင်လယ်အော်နှင့် ၎င်း၏ကမ်းလွန်ကျွန်းများ၊ ဘင်္ဂလားဒေ့ရှ် ပင်လယ်ကမ်းရိုးတန်းများနှင့် ပင်လယ်ဆိပ်ကမ်းများတွင် မိုးသက်လေပြင်းများ ကျရောက်မည်ဖြစ်သည်။

မြောက်ဘက်ပင်လယ်အော်ရှိ ငါးဖမ်းလှေများအားလုံးနှင့် ဆွဲပိုက်ချသင်္ဘောများအားလုံး



ကမ်းခြေသို့ ဆိုက်ကပ်ရန်နှင့် နောက်ထပ်ထုတ်ပြန်ချက် တစ်စုံတစ်ရာမရရှိသေးသမျှ သတိနှင့်နေထိုင်ရန် အကြံပြုထားသည်။

ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများကို နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများသို့ ပြောင်းရွှေ့ကြရန် အသံချဲ့စက်များဖြင့် လိုက်လံကြေညာထားသည်။

မုန်တိုင်းကြိုတင်ပြင်ဆင်မှု အစိတ်အပိုင်းတစ်ခုအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရက ကမ်းရိုးတန်းခရိုင်များရှိ ပြည်သူ့ဝန်ထမ်းအားလုံးအတွက် ပိတ်ရက်များနှင့် အားလပ်ရက်များကို ဖျက်သိမ်းခဲ့သည်။

**ဆင်ဟွာ**

# လေကြောင်းတိုက်ခိုက်မှုကြောင့် မြို့တော်ဒမတ်စကတ်နှင့် ဟွမ်းမြို့အနီးပစ်မှတ်များကိုထိမှန်ဟု ဆီးရီးယားပြော

**ဒမတ်စကတ် အောက်တိုဘာ ၂၄**

အစ္စရေးတပ်မတော်က မြို့တော်ဒမတ်စကတ်သာမက အလယ်ပိုင်းဟွမ်းမြို့သို့ ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အစ္စရေးအစိုးရက မည်သည့်မှတ်ချက်မှ မပေးသေးပေ။ အစ္စရေးဘက်က အီရန်ကျောထောက်နောက်ခံပြုထားသည့်ဒေသတွင်း စစ်သွေးကြွအုပ်စုနှင့် ဆက်နွှယ်နေသည့် ဆီးရီးယားကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အစ္စရေးတပ်မတော်သည် အိမ်နီးချင်းလက်ဘနွန်ကို လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ရာ လက်ဘနွန်အခြေစိုက် ရှီယိုက်မူဆလင်ဟစ်ဇ်ဘိုလာအုပ်စုပိုင်ဆိုင်သည့် လက်နက်သိုလှောင်ရုံနှင့် လက်နက်ထုတ်လုပ်ရေး အဆောက်အအုံများ ပျက်စီးခဲ့သည်ဟု အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျာဘာလီယာ၌ ထိုးစစ်ဆင်မှုများ အရှိန်မြှင့်တင်လာသဖြင့် ဒေသခံ ၂၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆိုပါဒေသ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလှုပ်ရှားမှုကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ကျယ်ပြန့်နေသည့် ဒေသတွင်း ပဋိပက္ခများကို တားဆီးရေး ကြိုးပမ်းရန် အစ္စရေးနှင့် အာရပ်နိုင်ငံသို့ သွားရောက်နေသည့်တိုင် အစ္စရေးဘက်က ၎င်း၏ထိုးစစ်ဆင်မှုများကို ဖြေလျှော့ပုံမပေါ်သေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# အမေရိကန်နှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့တို့ ဒိုဟာမြို့၌ ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမည်

**ဒိုဟာ အောက်တိုဘာ ၂၄**

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်နှင့် အစ္စရေး ကိုယ်စားလှယ် အဖွဲ့တို့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ ဆွေးနွေးပွဲပြုလုပ်သွားမည်ဟု ကာတာဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက် ဘင်အဗ္ဗဒူရာမန် ဘင်ဂျက်စင်မ်အယ်သာနီက အောက်တိုဘာ ၂၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အမေရိကန်၊ ကာတာနှင့် အီဂျစ်တို့သည် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်လျက်ရှိသည်ဟု အယ်သာနီက ပြောသည်။

အမေရိကန်မှ စေ့စပ်ညှိနှိုင်းရေးအဖွဲ့သည် အစ္စရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဒိုဟာမြို့၌ အပစ်အခတ်ရပ်စဲရေး အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများကို ဆွေးနွေးသွားမည် ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

ဆွေးနွေးပွဲကျင်းပမည့် အချိန်ဇယားကိုမူ ဖော်ပြခဲ့ခြင်းမရှိချေ။ ဟားမားစ်ခေါင်းဆောင် ယာရာဆင်ဝါအသတ်ခံရပြီးနောက်စေ့စပ်ညှိနှိုင်းသူများသည် ဟားမားစ်အဖွဲ့နှင့် ပြန်လည်စေ့စပ်မှုများ ပြုလုပ်ခဲ့ရာ လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ဟားမားစ်တို့နှင့် တွေ့ဆုံမှုအချို့ ရှိခဲ့သည်ဟု အယ်သာနီက ပြောသည်။

ပဋိပက္ခ ဖြစ်ပွားနေသည့် နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီး ဂါဇာဒေသ၌ ဖမ်းဆီးခံထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရန်မျှော်လင့်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောသည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ဆုံဆို့နာရောဂါဖြစ်ပွားမှုကြောင့် လူ ၁၂၀၀ နီးပါးသေဆုံး

**အဘူဂျာ အောက်တိုဘာ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၁၇ လအတွင်း ဆုံဆို့နာရောဂါဖြစ်ပွားမှုကြောင့် လူ ၁၂၀၀ နီးပါးသေဆုံးကြောင်း နိုင်ဂျီးရီးယား ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ(အင်န်စီဒီစီ) က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် မေလတွင် ဆုံဆို့နာ စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစကာ ဆုံဆို့နာရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသူ ၃၈၀၀၀ ရှိပြီး ယခု အချိန်အထိ ရောဂါဖြစ်ပွားသူ ၂၃၀၀၀ ရှိကြောင်း နိုင်ဂျီးရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ အမျိုးသားဆုံဆို့နာအရေးပေါ် လုပ်ငန်းဌာနမှ မန်နေဂျာ မူဇမ်မီလ်ဂါဒန်ယာက ပြောကြားသည်။

ဆုံဆို့နာရောဂါသည်ပြင်းထန်သည့် ဗက်တီးရီးယားရောဂါကူးစက်မှုတစ်မျိုးဖြစ်ပြီး နှာခေါင်း၊ လည်ချောင်းနှင့် တစ်ခါတစ်ရံ အရည်ပြားများကို ထိခိုက်စေသည်။ ယခုအချိန်အထိ အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၁၉၁ ဦးထက်မနည်းရှိသည်ဟု ဂါဒန်ယာက ဆိုသည်။ **ဆင်ဟွာ**

# ကင်ညာနိုင်ငံ၌ ကလေးပေါင်း ၄၇၉၄၉၈ ဦး အာဟာရချို့တဲ့မှုဒဏ်ခံစားရ

**နိုင်ရိုဘီ အောက်တိုဘာ ၂၄**

ကင်ညာနိုင်ငံ၏ မိုးခေါင်ခြောက်သွေ့ဒေသ ၂၃ ခု၌ အသက်ငါးနှစ်အောက်ကလေး ၄၇၉၄၉၈ ဦးမှာ အာဟာရ ချို့တဲ့မှုဒဏ်ခံစားနေရပြီး ကုသမှုခံယူရန် လိုအပ်လျက်ရှိသည်ဟု နိုင်ငံ၏ အမျိုးသားမိုးခေါင်မှုစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က အောက်တိုဘာ ၂၄ ရက်တွင်ပြောကြားခဲ့သည်။

အာဟာရချို့တဲ့မှုနှုန်း ဆက်လက်မြင့်မားနေဆဲဖြစ်သော်လည်း ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင်မူ အနည်းငယ်ကျဆင်းသွားသည်ကို တွေ့ရသည်ဟု (အင်န်ဒီအမ်အေ) ၏ စက်တင်ဘာလ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင်လအတွင်းက အာဟာရချို့တဲ့သည့် ကလေးဦးရေမှာ ၇၆၀၄၈၈ ဦးရှိသည်။ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် ဦးစားပေးထုတ်လုပ်ထားသည့် နို့မှာ ပမာဏနည်းနည်းသာ ရရှိသော်လည်း ဖြန့်ဝေပေးနိုင်ပြီး အိမ်ထောင်စုအလိုက်ဝယ်ယူနိုင်မှုမှာလည်း အနည်းငယ်မြင့်မားလာသည့်အတွက် အာဟာရချို့တဲ့သူဦးရေမှာ ကျဆင်းလာခဲ့ရခြင်းဖြစ်သည်ဟု အင်န်ဒီအမ်အေက ပြောသည်။

နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင် ၁၁၀၁၆၉ ဦးမှာလည်း အာဟာရချို့တဲ့နေပြီး စောင့်ရှောက်မှု လိုအပ်နေကြောင်း အာဏာပိုင်များကပြောသည်။ အာဟာရချို့တဲ့မှုများသည် ဆိုးရွားသည့်ရာသီဥတုအခြေအနေ၊ ဝင်ငွေနည်းပါးမှုနှင့် ညံ့ဖျင်းသည့်ကျန်းမာရေးစောင့်ရှောက်မှုတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ကင်ညာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေသည့် လူပေါင်း တစ်သန်းကျော် ရှိသည်ဟု အင်န်ဒီအမ်အေက ပြောသည်။ ဇူလိုင်လကုန်ပိုင်းအထိ အာဖရိကဦးချိုဒေသရှိ ကလေး ၁၀ ဒသမ ၈ သန်းနှင့် ကိုယ်ဝန်ဆောင် တစ်သန်းနီးပါးမှာ အာဟာရချို့တဲ့နေပြီး ကုသမှုခံယူရန် လိုအပ်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ သိရသည်။ သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြောင့် အာဟာရချို့တဲ့မှုပြဿနာ ပိုမိုဆိုးလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ပြောသည်။ **ဆင်ဟွာ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်  အောက်တိုဘာ  ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၄ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု မရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၄ .၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။**  ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၅၂၆၃ | ၆၂၅.၈၁ | ၅၅၉၈၀၀ | ၁၈၃၀၈ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | ၀.၁၀ | ၆၂၆.၅၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၇၇ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | ၁.၀၀ | ၆၂၇.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၈၅၈ | ၅၁၉.၁၀ | ၈၉၃၁၃ | ၂၇၂ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၈၄ | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၁၃ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | ၀.၃၅ | ၅၀၉.၅၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၅၇ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၂ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၂၁၇ | ၅၃၄.၉၀ | ၇၄၅၉၈ | - | ၀.၁၀ | ၄၀၂ | - | - | ၁.၀၀ | ၅၃၄.၆၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၅ | ၇၅၀၄ | ၁၁ | ၂.၁၅ | ၁၂၁၄ | - | - | - | ၄၁၅.၈၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၃၉၂ | ၇၀၃.၇၀ | ၁၀၈၅၂၂ | ၂ | ၆.၃၀ | ၃၄၅၆၈ | - | - | ၀.၉၁ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၉ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၁ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

မှတ်ချက်  - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

## PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**


စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာမတစ်ဦး၊ ကျောင်းသူ သုံးဦးနှင့် ဒေသခံပြည်သူ တစ်ဦး ဖုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိအခြေခံပညာ အလယ်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိစဉ် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆရာမ တစ်ဦး၊ ကျောင်းသူ သုံးဦးနှင့် ဒေသခံပြည်သူ အမျိုးသမီး တစ်ဦးတို့ ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက် သမားများသည် ယခုကဲ့သို့စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များ မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ**




❍ *ကျော့ဖုံးမှ*

စုစုပေါင်း ၁၀ဂိုး - ရှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘူရှီဒိုအသင်းသည် နှစ်ဂိုးပြတ် ဦးဆောင်ပြီးမှ ဂိုးများ ပြန်ပေးရကာ အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျပြီး ပယ်နယ်တီရောက်မှ အဖြေပေါ်ခဲ့ခြင်းဖြစ်သည်။

**အနိုင်ရခဲ့**

ရန်ကုန်ဖူဆယ်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဖူဆယ်အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် နိုင်ထွန်းလူ၊ ၁၄ မိနစ်တွင် အောင်ဖြိုးနိုင်၊ ၂၂ မိနစ်တွင် စိုင်းညဏ်မင်းထက်တို့က သွင်းယူပြီး YCDC Marga အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ခုနစ်မိနစ်တွင် ဖွဲ့ထက်အောင်က သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

တတိယလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲအဖြစ် YCDC Marga အသင်းနှင့် ဘူရှီဒိုလူငယ်အသင်း၊ ဗိုလ်လုပွဲအဖြစ် ရန်ကုန်ဖူဆယ်အသင်းနှင့် ဟသ်ာ အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၇ / ၂၀၂၄**
**၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**
**ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ(ခ)အရ ထိန်းချုပ်ဓာတုပစ္စည်းအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသို့ သယ်ဆောင်ခြင်းနှင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၁။ **အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) ရသည့် ကုမ္ပဏီတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**
(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိပြီးသော ကုမ္ပဏီဖြစ်ရမည်။
(ခ) တင်သွင်းမည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်နှင့် အလေးချိန်၊ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer) အထောက်အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်း တင်ပြနိုင်သူဖြစ်ရမည်။
(ဂ) ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ ရယူတင်ပြသော အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer) ၏ အထောက်အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်းတို့တွင် သက်ဆိုင်ရာနိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့ (Law Enforcement) ထံမှ ဥပဒေနှင့်အညီ ခွင့်ပြုထားသော ပစ္စည်းဖြစ်ကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာ သံရုံး၏ မှန်ကန်ကြောင်း အထောက်အထား ပူးတွဲတင်ပြနိုင်ရမည်။
(ဃ) တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် အမှတ်တံဆိပ်ကို တင်သွင်းသည့်နိုင်ငံတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ရရှိပြီးဖြစ်ရမည်။
(င) မြန်မာနိုင်ငံ သွင်းကုန်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သော ကုမ္ပဏီဖြစ်ရမည်။
(စ) ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း သို့မဟုတ် အခွန်အပြည့်အဝ ပေးဆောင်ပြီးကြောင်း အထောက်အထားနှင့်တကွ တင်ပြရမည်။
(ဆ) အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer) မရရှိသည့် ကုမ္ပဏီအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်တွင်း ပြန်လည် ရောင်းချသုံးစွဲရန် မူပိုင်ခွင့်ရရှိသည့် ကုမ္ပဏီမှ တစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူဆောင်ရွက်နိုင်သည်။
(ဇ) ထိန်းချုပ်ဓာတုပစ္စည်း ပြည်ပမှ တင်သွင်းခွင့် လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများအပြင် သိုလှောင်ခြင်း သို့မဟုတ် သယ်ဆောင်ခြင်းတို့အတွက် မလိုလားအပ်သော ဘေးအန္တရာယ်နှင့် ဘေးထွက်ဆိုးကျိုးများမရှိစေရေး လုံခြုံရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားသည့် အထောက်အထားများ တစ်ပါတည်းတင်ပြရမည်။
(ဈ) ပြည်တွင်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၂။ **ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း ဆောင်ရွက်ရာတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ (Criteria)**
(က) နိုင်ငံတကာသတ်မှတ်ထားသော စံချိန်၊ စံညွှန်းပြည့်မီသည့် နေရာနှင့် သိုလှောင်ရုံအဆင့်ရှိရမည်။
(ခ) သိုလှောင်ရုံသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ခွင့်ပြုသော သီးသန့်ဇုန်တွင် တည်ရှိရမည်။
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေး အဖွဲ့တို့မှ ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာ စိစစ်ထောက်ခံချက်ပါရှိရမည်။
(ဃ) ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ရုံတွင် မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက အချိန်မီ ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်ထိန်းချုပ်ဓာတုပစ္စည်း ဆိုင်ရာ ကျွမ်းကျင်သင်တန်း တက်ရောက်ထားပြီးသော ဂိုဒေါင်လုံခြုံရေးဝန်ထမ်းများဖြင့် စနစ်တကျ ဆောင်ရွက်ရမည်။
(င) သိုလှောင်ရုံအတွင်း အရေးပေါ်ဖြစ်စဉ် ပေါ်ပေါက်ပါက တုံ့ပြန်ထိန်းချုပ်နိုင်ရေး မီးစနစ်၊ ရေစနစ်၊ လေဝင်လေထွက်စနစ်များ အမြဲကောင်းမွန်စေရေး စစ်ဆေးကြပ်မတ်နေရမည်။
(စ) သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများပါ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာရမည်။
(ဆ) သက်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များက ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ရုံများသို့ လာရောက်စစ်ဆေးခြင်းကို ကုမ္ပဏီတာဝန်ရှိသူများက ခွင့်ပြု၍ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ **ထိန်းချုပ်ဓာတုပစ္စည်း သယ်ဆောင်ခြင်း ဆောင်ရွက်ရာတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ (Criteria)**
(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစားအလိုက် နိုင်ငံတကာ သတ်မှတ် စံချိန်၊ စံညွှန်းမီသော သယ်ယူပို့ဆောင်ရေး ယာဉ်အမျိုးအစားဖြင့်သာ သယ်ဆောင်ရမည်။
(ခ) ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုချက် ပုံစံ(၁၀)မူရင်း တစ်ပါတည်းပါရှိရမည်။
(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ ပါရှိရမည်။
(ဃ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၏ သတ်မှတ်ခွင့်ပြုသည့် လုပ်ငန်း လိုင်စင်ရရှိပြီးသော မော်တော်ယာဉ်ဖြစ်ရမည်။
(င) ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်မည့် မော်တော်ယာဉ်၏ ယာဉ်မောင်းသည် “င” ယာဉ်မောင်းလိုင်စင်ကိုလည်းကောင်း၊ ယာဉ်နောက်လိုက်သည် ယာဉ်အကူလိုင်စင်ကိုလည်းကောင်းရရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့် ရှောင်ရန်နှင့် ဆောင်ရန်အချက်များကို သိရှိလိုက်နာသူ ဖြစ်ရမည်။
(စ) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစားအလိုက် သိုလှောင်မှုနှင့် သယ်ဆောင်မှုစနစ်များအတိုင်း စနစ်တကျလိုက်နာရမည်။

ဥက္ကဋ္ဌ
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

## ပုသိမ်၌ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက အောင်ရောဈေးနှင့် ကမ်းနားဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။



ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှု ရှိစေရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွဋ် ဦးဆောင်သည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဈေးများအတွင်း မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုနှင့် ဈေးအတွင်း ထားရှိသော မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့အား လိုက်လံကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ) ခရိုင် (ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ ယနေ့နံနက် ၇ နာရီက အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် ပုလဲလမ်း (ကြွေထည်၊ မြေထည်စက်ရုံ)၊ ကွန်တိန်နာဝင်းရှေ့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဌာနမှ ၁၀ ဦး၊ ရေစီးရေလာဌာနမှ ငါးဦး၊ ပန်းဥယျာဉ်ဌာနမှ ငါးဦး၊ လမ်းတံတားဌာနမှ လေးဦး၊ မြို့နယ်ရုံးမှ ၁၀ ဦး၊ အဖြူရောင်မေတ္တာအသင်းမှ ငါးဦးနှင့် တာဝန်ရှိသူများက မြက်ပင်ချုံနွယ်၊ အမှိုက်များ ရှင်းလင်းခြင်း၊ သစ်ပင် အောက်တက်များ ရှင်းလင်းခြင်း၊ မီးကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးတွက် ရေမြောင်းများတွင် ပိတ်ဆို့နေသည့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

# တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးရန်အတွက် ဆောင်းသီးနှံ မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များထောက်ပံ့ပေးအပ်




**တောင်ငူ အောက်တိုဘာ ၂၄**
တောင်ငူမြို့ ကေတုရတနာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများပြန်လည်အစားထိုးစိုက်ပျိုးရန်အတွက် ဆောင်းသီးနှံမတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ဒေသအလိုက်မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ငူခရိုင်အပါအဝင် မြို့နယ် ၁၀ တွင် မိုးစပါးစိုက်ဧက တစ်သိန်းနှစ်သောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ကာ ပျက်စီးဧက ခုနစ်သောင်းခုနစ်ထောင်ကျော် ရှိခဲ့ပြီး ဧက ၁၅၀၀၀ ကျော်ကို သက်တမ်းတိုစပါးမျိုးဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် အခြေအနေမပေးသည့် နေရာများတွင် မတ်ပဲ၊ ပဲတီစိမ်း၊မြေပဲ၊ နေကြာ၊ ဆောင်းနှမ်း၊ အစေ့ထုတ်ပြောင်း အပါအဝင် ရေမြေသဘာဝနှင့်ကိုက်ညီသည့် သီးနှံများ ကို ပြန်လည်စိုက်ပျိုးသွားကြရမည် ဖြစ်ကြောင်း၊ ထိခိုက်ခဲ့သည့် စပါးစိုက်ခင်းများ အထွက်နှုန်းလျော့နည်းမှုမရှိစေရေး ပြန်လည်ဖာထေးစိုက်ပျိုးခြင်းအပြင် လိုအပ်သည့်သွင်းအားစုများ ထည့်သွင်းနိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်လုပ်ငန်းရှင်များအသင်းမှ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသည့် ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင် မြို့နယ်အတွင်း ငွေကြေးအရင်းအနှီးအခက်အခဲရှိသည့် လုပ်ကွက်ငယ်တောင်သူများကို ဦးစားပေးထောက်ပံ့နိုင်ရန်အတွက် မတ်ပဲမျိုးစေ့တင်း ၁၇၀၀ နှင့် ပဲတီစိမ်းမျိုးစေ့ တင်း ၉၀၀ တို့ကို ပေးပို့လှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် တောင်သူများကလည်း အကျိုးရှိရှိ ပြန်လည်အသုံးချပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းကျဆင်းမှုမရှိစေရေး၊ မိသားစုဝင်ငွေရရှိပြီး မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးတင်ဆွေနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ဝင်းထွဋ်လေးတို့က တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပြန်လည်မစိုက်ပျိုးနိုင်တော့သည့် တောင်သူများအတွက် ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး မတ်ပဲမျိုးစေ့နှင့် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ဆောင်ရွက်သော စီမံကိန်းပြီးဆုံးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၂၄**
မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၂)ဖြင့် ဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာစီမံကိန်းပြီးဆုံးခြင်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းအကြံပေး ဦးအောင်မြတ်ကျော်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်သည့်ကိုယ်စားလှယ်များ၊ အခြားကျေးရွာများမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ အုပ်စုအဖွဲ့ လေးဖွဲ့ဖြင့် စီမံချက်အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ခဲ့ရသော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ၊ အကောင်းဆုံးအလေ့အကျင့်များနှင့် ရရှိသောသင်ခန်းစာများကို ဖော်ထုတ်ဆွေးနွေးကြသည်။

ယင်းနောက် အုပ်စုအဖွဲ့ လေးဖွဲ့တို့မှ Project Phase Out Plan ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ရွာသစ်ကျေးရွာအတွက် Project Phase Out Plan အား အတည်ပြုခဲ့ကြောင်းသိရသည်။ **သက်ထက်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၄**
အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR T03 (STANDARD)အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Unitrust Enterprise Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် အောက်တိုဘာ ၂၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

**အင်္ဂပူ အောက်တိုဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိဈေးများတွင် ပွင့်လင်းရာသီ၌မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် စစ်ဆေးအသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့မဈေး၌ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးအသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တံတားဦးမြို့နယ်တွင် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ နားကပ်တို့အပါအဝင် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၂၁၉၀၀၀၀၀ သိန်းအား ခိုးယူသူများကို အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ



**တံတားဦး အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် နီလာဘယက်၊ ပုလဲလက်ကောက်၊ စိန်ဆွဲသီး၊ ကျောက်စိမ်းနားကပ်၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်တို့ အပါအဝင် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၁၉၀၀၀၀၀ သိန်း ခိုးယူသွားသူများကို တံတားဦးမြို့မရဲစခန်းက အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တံတားဦးမြို့နယ် ဈေးချိုကျေးရွာအုပ်စု ဝါးတန်းရပ်နေ ဒေါ်နှင်းအိဆွေသည် အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းရှိ ဗီရိုတံခါးမှာ ပွင့်နေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးကြည့်ရှုရာ ဗီရိုအံဆွဲအတွင်း သိမ်းဆည်းထားသော နီလာဘယက် တစ်ကုံး၊ ပုလဲလက်ကောက် တစ်ကွင်း၊ 18k ဆွဲကြိုးတစ်ကုံး၊ ဘလင်းဘလင်း ရွှေဆွဲကြိုး တစ်ကုံး၊ စိန်ဆွဲသီး တစ်ခု၊ ရွှေဘောလုံး ခုနစ်လုံး၊ ကျောက်စိမ်းနားကပ် တစ်ရန်၊ ကျောက်ပြာလက်စွပ် တစ်ကွင်း၊ အုတ်ခဲပုံရွှေဆွဲပြား တစ်ခု၊ ကျောက်ဆွဲသီး တစ်ခု၊ ပုလဲသီး ၁၀ လုံး၊ လက်စွပ် တစ်ကွင်း၊ နားကပ် တစ်ရန် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၂၁၉၀၀၀၀၀ သိန်း ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ဒေါ်နှင်းအိဆွေက တံတားဦးမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်ဝင်းနိုင်၏ ညွှန်ကြားမှု၊ တံတားဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနိုင်၏ ကြီးကြပ်ကွပ်ကဲမှု၊ တံတားဦးမြို့မရဲစခန်းမှူး ဒုရဲမှူး ဟန်ထွန်းအောင်၏ အနီးကပ်ကြီးကြပ်မှု၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဘိုနှင့်အတူ နယ်ထိန်းတပ်ဖွဲ့ဝင်တို့ လှုပ်ရှားဆောင်ရွက်မှုတို့ကြောင့် ခိုးယူသွားသောတရားခံများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ တံတားဦးမြို့နယ် ဈေးချိုကျေးရွာအုပ်စု ဝါးတန်းရပ်နေ ဖိုးချဲ (၁၉) နှစ် (ဘ) ဦးစိုးနိုင်နှင့် ဟံသာဝတီကျေးရွာအုပ်စု ကိုင်းမားရပ်နေ အောင်ဖြိုးဝေ(၁၇)နှစ်(ဘ) ဦးစိုးရွှေတို့က နေအိမ်အတွင်း ဝင်ရောက်ခိုးယူခဲ့ကြောင်း သိရှိရပြီး သက်သေခံပစ္စည်းများနှင့်အတူ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် တံတားဦးမြို့မရဲစခန်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ**

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားအပိုပစ္စည်းအမျိုး ၉၀၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၈၅၆၄၄)ကို လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၂၃၀၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၇၃၆၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၁၄၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ANKAI Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၅၆၇၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင် သရက်-မင်းတုန်း ကားလမ်းမအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွားထီး ၄၁ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) နှင့် အဆိုပါနွားထီးများ တင်ဆောင်လာသည့် Fuso Truck တစ်စီး၊ Canter Truck တစ်စီးနှင့် Toyota Crown တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၄၁ ဒသမ ၅၈၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၃၉၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့မော်တော်ဆိုင်ကယ်အပိုပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူ**

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၅၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၂၀၆၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုလိပ်မြို့အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၇၀၂၆၂၉) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီးနှင့် JIN BEI Mini Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၄၅၂၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၄၇၈၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၆၂၄ တန်၊ သစ်မာ ၀ ဒသမ ၇၄၁ တန်၊ အခြားသစ် တန် ၅ ဒသမ ၆၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၃၈၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ လိုင်စင်မဲ့ Toyota Mark-II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၃၃၈၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ**

ထို့အပြင် အောက်တိုဘာ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Wave မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၁၉၆၂၅၅၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၉) ရပ်ကွက်တွင် ဝင်းထွဋ် မောင်းနှင်ပြီး တင်မောင်လတ်(ခ)ကရဒ်ဘိုင် လိုက်ပါလာသည့် FIELDER မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခဲ့သည့် TOYOTA SUCCEED မော်တော်ယာဉ် တစ်စီးနှင့် ညနေ ၅ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ကျီစု(အနောက်)ရပ်ကွက် ရွှေကျီးလမ်းသွယ်ရှိ ဝင်းထွဋ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ဒသမ ၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နေ စိုင်းဆိုင်နွံ (ခ) ပီနွံနှင့် ကျေးသီးမြို့နယ်နေ ဟန်သိန်း(ခ) စိုင်းဆန်ဆွေတို့မှ ရောင်းချခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောမြို့နေ စိုးမြင့်(ခ)ဇီဘူရာမောက်က ဝယ်ယူခြင်းဖြစ်ကြောင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ငွေကြေးလွှဲပြောင်းခြင်းတို့ ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ စိုးမိုးအောင်(ခ)မိုလ်ဇူရာမန်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ကျော်ဝင်းစိုးနှင့် ဇနီး မသီတာဝင်း(ခ) ယာစမင်းတို့အား ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်း အလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဆင်ရေတွင်းလမ်းထောင့်ရှိ “မြရွှေယုံ” ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ် သိန်း ၅၀ တို့ကို သံသေတ္တာသုံးလုံးဖြင့် သိမ်းဆည်းကာ ယာဉ်မောင်းတစ်ဦးတည်းမောင်းနှင သည့် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သယ်ဆောင်စဉ် လှိုင်မြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်၏ နေအိမ်ရှေ့အရောက် မော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသားလေးဦး ရောက်ရှိလာပြီး သေနတ်တစ်ချက်ပစ်ခတ်၍ ယာဉ်မောင်းအား ဝိုင်းဝန်းရိုက်နှက်ကာ ကားနောက်ဖုံးမှန်ကို တူဖြင့် ထု၍ ရွှေထည်ပစ္စည်းနှင့် ငွေများထည့်ထားသည့် သေတ္တာသုံးလုံး လုယူထွက်ပြေးသွားသဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၉၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် မြေနီကုန်းဈေးလမ်း တိုက်အမှတ်(၄၁) လေးလွှာ အခန်း(4A) နေ မသက်ထားခိုင်(ခ)ရည်မွန်အေး(၃၇) နှစ်ကို မသင်္ကာစစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်း၌ လုယက်မှုမှပါဆုံးသွားသော ပလက်တီနမ် ရွှေဖြူဆွဲကြိုး ရှစ်ကုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကို တွေ့ရှိပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ ထက်အောင်ခိုင်က ရောင်းချခိုင်းလိုက်ကြောင်း သိရသဖြင့် တရားခံ ထက်အောင်ခိုင်(၃၆)နှစ်(ဘ)ဦးအေးချို အား ဆက်လက် ဖမ်းဆီးရမိခဲ့သည်။

ထက်အောင်ခိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဒသမ ၃၂ ဗို့ ခြောက်လုံးပြူး တစ်လက်၊ S&WL ကျည် ကိုးတောင့်၊ ၎င်းကျည်ခွံ တစ်ခု၊ ငွေစက္ကူရောရာ ၁၈ သိန်းကျပ်၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (စိစစ်ဆဲ) တို့အား ဆက်လက်သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်စုကျေးရွာနေ တရားခံ ကျော်ကြီး(ခ)ကျော်ဇင်ဟိန်း (၂၂) နှစ် (ဘ)ဦးထွန်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသ္သာမြို့သစ် အမှတ်(၈) ရပ်ကွက်နေ တရားခံ စောပိုင်ဇော်ဦး(ခ) ပိုင်ကြီး (၃၅)နှစ် (ဘ)ဦးစံသောင်းတို့အား အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သုံးဦးတို့၏ ထွက်ဆိုချက်များအရ တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် တရားခံ ဝေကြီး (ဖမ်းဆီးရန်ကျန်) တို့ သုံးဦးသည် KNU တပ်မဟာ(၇) ဝေ့ရှမ်းကျေးရွာတွင် ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်း အပတ်စဉ် (၅/၂၀၂၄) သင်တန်းဆင်းများဖြစ်ကြပြီး အဆိုပါသင်တန်းတက်ရောက်နေစဉ် ထက်အောင်ခိုင်သည် သင်တန်း၌ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ ဦးမာမူ (စိစစ်ဆဲ)ထံမှ ဒသမ ၃၂ ဗို့ခြောက်လုံးပြူးနှင့် ကျည်များကို ငွေကျပ် ၂၁ သိန်းဖြင့် ဝယ်ယူခဲ့ပြီး “မြရွှေယုံ” ရွှေဆိုင်သို့ (၃/၄) ကြိမ်ခန့် လေ့လာကာ ဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်များတွင် ယာဉ်မောင်းတစ်ဦးတည်း ဆိုင်မှ ရွှေထည်ပစ္စည်းများအား သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရှိရသဖြင့် လုယက်မှုကျူးလွန်ရန် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

လုယက်မှုကျူးလွန်ရာတွင် တရားခံ ထက်အောင်ခိုင်က Toyota Corolla အဖြူရောင်ယာဉ်ကို မောင်းနှင်၍ အခင်းဖြစ်ခြံရှေ့တွင် ရွှေထည်ပစ္စည်းများသယ်ဆောင်လာသည့် ယာဉ်ကို အနောက်မှ ကပ်လျက်ရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူအား သေနတ်ဖြင့်ချိန်၍ တံခါးဖွင့်ခိုင်းခြင်း၊ တရားခံ ဝေကြီး(ဖမ်းဆီးရန်ကျန်)က ကားတံခါးကို တူဖြင့်ထုခြင်း၊ တရားခံ ထက်အောင်ခိုင်က ခြံ၏အရပ်သား လုံခြုံရေးဝန်ထမ်းဖြစ်သူအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခြံဝင်းသံပန်းတံခါးကို ထိမှန်ခဲ့ပြီး ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးတို့နှစ်ဦးက မော်တော်ယာဉ်၏ နောက်ဖုံးတံခါးကို ဖွင့်၍ ရွှေထည်ပစ္စည်းများ ထည့်ထားသည့် သံသေတ္တာသုံးလုံးကို ၎င်းတို့စီးနင်းလာသည့် ကားပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်မှုမှ ဖမ်းဆီးရမိသည့်တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း (ခ) ကျော်ကြီး၊ စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးနှင့် ထွက်ပြေးတိမ်းရှောင် တရားခံ ဝေကြီး (စိစစ်ဆဲ)အား ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ဝေကြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်/ခဲယမ်းနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများအား သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံ အမျိုးသားသုံးဦးအား သက်သေခံ ရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များက ကုန်သိုလှောင်ရုံနှင့်ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု သတင်းတု၊ သတင်းအမှားများ လွှင့်ဆော်ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက ကုန်သိုလှောင်ရုံနှင့် ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများလွှင့်ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီးစစ်ဆေးခြင်း မရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေနှင့်အညီသာ တားဆီးစစ်ဆေးကြပ်မတ်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် ပြည်သူလူထုအား သတင်းအဆိပ်ခတ်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်မရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိရသော ရွှေထီးအမှတ်တံဆိပ် အမျိုးသားအကြောသန်သောက်ဆေးနှင့် နေကြာပန်း အမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းနှင့် ပျော်စံရာအမှတ်တံဆိပ် အမျိုးသားခွန်အားတိုးဆေးသည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်– TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းတို့ကြောင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရွှေထီး | အမျိုးသားအကြောသန်သောက်ဆေး | ဆေးပြား | အောင်မြေရတနာလမ်း၊ ကွေ့ကြီးကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၂။ | နေကြာပန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် | လိပ်စာမပါဝင်ပါ။ ဖုန်းနံပါတ် ၀၉၇၈၅၀၂၀၄၁၃ ဖော်ပြထားသည်။ |
| ၃။ | ပျော်စံရာ | အမျိုးသားခွန်အားတိုးဆေး | ဆေးပြား | အမှတ် ၅၃၅၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်မရှိသည့် ဆေးဝါးနမူနာများ။

၃။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပုသိမ်၌ အဆင့်မြင့် လျှပ်စစ်သင်တန်းဖွင့်

**ပုသိမ် အောက်တိုဘာ ၂၄**

ပုသိမ်မြို့၌ အဆင့်မြင့် လျှပ်စစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်) ၌ ကျင်းပသည်။

ဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အဆင့်မြင့် လျှပ်စစ် သင်တန်းသည် ခက်ခဲသည့် သင်ခန်းစာများပါဝင်ပြီး ယူနိုင်လျှင် ယူနိုင်သလောက် အကျိုးရှိ ထိရောက်သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းက ပို့ချပေးသည့် သင်ခန်းစာများကို သေချာလေ့လာ မှတ်သားပြီး လက်တွေ့လုပ်ငန်းခွင်၌ ပြန်လည် အသုံးချနိုင်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၂ ရက်အထိ သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ကြိုဆိုဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် နေပြည်တော်မှ ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

အဆိုပါ ကြိုဆိုပွဲကို ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် ကျင်းပရာ ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Video Clip အား ပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့နောက် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများက ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ပြိုင်ပွဲသို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင် ဦးဆောင်ပြီး ပြိုင်ပွဲဝင် ၂၅၈ ဦးဖြင့် နေပြည်တော်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၆၅ ဆု၊ ငွေတံဆိပ် ၄၃ ဆု၊ ကြေးတံဆိပ် ၁၉ ဆု၊ ဂုဏ်ပြုဆုတစ်ဆု စုစုပေါင်း ၁၂၈ ဆု ရရှိခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ရွှေဂွန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသပေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာ ဆရာမများစုပေါင်း၍ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ အထက်ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာလအတွင်းက ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်စေရေးအတွက် အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ပြည်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင် ဦးစီး၍ အထူးကုဆရာဝန်ကြီး ခြောက်ဦး၊ သူနာပြုအုပ်၊ အထက်တန်း သူနာပြု၊ သူနာပြု၊အကူသူနာပြု စုစုပေါင်း ၁၇ ဦးတို့က ရွှေဂွန်းကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ခဲ့ကြရသည့်ဒေသများမှ ပြည်သူများအား ဆေးကုသမှုပေးခဲ့ကြရာ အထွေထွေရောဂါလူနာ ၁၃၉ ဦး၊ ခွဲစိတ်လူနာ ၂၇ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၈ ဦး၊ မျက်စိလူနာ ၂၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၄၈ ဦး၊ အရေပြားလူနာ ၉၅ ဦး အခမဲ့ဆေးကုသပေးသည်။

ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့မှ ဆရာဝန်နှင့် သူနာပြုဆရာ ဆရာမများက ပါဝင်ကူညီပေးခဲ့ကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**



**၂၄ – ၁၀ – ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** (ညီညီ – စုစည်းသည်)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၅၀၀ | ၉၁ | ၇၆၄၅၀၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၂၄၀ | ၇၉၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၀၀ | ၂၀၅၀ | ၈၂ | ၁၆၉၆၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၀၁၁ | ၁၆၉၃၇၀၀ |
| AMATA | ၄၃၀၀ | ၄၄၀၀ | ၄၂ | ၁၈၁၀၀၀ |
| MAEX | ၃၃၅၀ | ၃၃၅၀ | ၁၀၆၀ | ၃၅၅၁၀၀၀ |
| MADPL (PLB) | ၃၅၀၀၀ | ၃၅၀၀၀ | ၁ | ၃၅၀၀၀ |

### အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မြန်မာ့အလင်း သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ သတ္တမအကြိမ်မြောက် အဖွဲ့ဝင် အသက် ၇၅ နှစ်ပြည့် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ကန်တော့ခံ အသက် ၁၀၅ နှစ်ရှိ အဘိုးတစ်ဦးအပါအဝင် ၁၇ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံများနှင့် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မိတ္ထီလာမြို့ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းဖွင့်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း၌ လယ်ယာသုံး စက်ကိရိယာ ကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းအမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက ယခုဖွင့်လှစ်သည့်သင်တန်းမှာ တတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ခေတ်မီနည်းပညာမြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်ထိန်းသိမ်းနိုင်မည့် ပညာတတ် လူငယ်လူရွယ်များ၊ စက်မှုလယ်ယာကျွမ်းကျင်လုပ်သားကောင်းများ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ် ပေးနိုင်ရေးနှင့် နိုင်ငံအဆင့် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အာမခံချက်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ကျန်းမာရေးအသိနှင့်အညီနေထိုင်ပြီး သင်တန်းပို့ချချက်များကို ကြိုးစားလေ့လာသင်ယူသွားကြရန် ပြောကြားသည်။



အဆိုပါသင်တန်းကို တစ်နှစ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား ၄၀ တက်ရောက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



## ချောင်းဆုံမြို့နယ် ရွှေမြင့်မိုရ်တောင်ဘုရားစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ချောင်းဆုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ရွှေမြင့်မိုရ်တောင်ဘုရားစေတီတော်တွင် ရောင်တော်ဖွင့်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ချောင်းဆုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်း ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၆၅ ဦးတို့က ဘုရားဖူးလာရောက်ကြသူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ဘုရားစေတီရောင်တော်ဖွင့်ခြင်း၊ ဘုရားစေတီတော် သွားရာလမ်းတစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘုရားဝန်းကျင် ဘက်စုံပြုပြင်ရေးလုပ်ငန်းများတွင် လုပ်အားဒါနပြုခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက် တည်ဆောက်ပြုပြင်နေမှု ကြည့်ရှုအားပေး

**သထုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာ၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများပူးပေါင်း၍ ပေါ်တော်မူကျေးရွာ၌ စာကြည့်တိုက်အသစ် တည်ဆောက်နေမှုနှင့် နောင်ဘိုကျေးရွာ မြောက်ပိုင်းစာကြည့်တိုက်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။



ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ စာအုပ်စာစောင်နှင့် စာကြည့်တိုက်ပရိဘောဂများ ဖြည့်တင်းနိုင်ရေး၊ လူငယ်များ အသိပညာဗဟုသုတပြည့်ဝစေနိုင်ရန် စာကြည့်တိုက်အား စဉ်ဆက်မပြတ် အသုံးပြုနိုင်အောင် စည်းရုံးဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်္ဂလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝဏ္ဏထွန်းနှင့် တာဝန်ရှိသူများက မင်္ဂလွန်းကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

မင်္ဂလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၂၃၈ ဦးကို အဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၆၈ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ကြောင်းသိရသည်။ **မောင်ခိုင်**



## မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မှော်ဘီ အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမအသင်းစု လီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းမြင့်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကား ပြောကြားကာ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကြူက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက် အဖွဲ့ဝင် ဦးကျော်ရွှေက ဖတ်ကြားကြောင်း သိရသည်။



ဆက်လက်၍ အသင်းဝင်ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းကြရာ ဒါရိုက်တာအဖွဲ့က ရှင်းလင်းဆွေးနွေးပြီး ဒါရိုက်တာအဖွဲ့၏လုပ်ငန်း အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို အတည်ပြုချက်ရယူသည်။ ချေးငွေများ ဆောလျင်စွာပေးဆပ်ခဲ့သော အသင်းသားများအား ဂုဏ်ပြုငွေကျပ် သိန်း ၁၂၃၀၀၀၀ ဆုချီးမြှင့်ခဲ့ပြီး အခြေခံအသင်း ၈၂ သင်းများသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အစုပေါ်အမြတ်ငွေကျပ် သိန်း ၃၃၉၉၃၄၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ အချိန်ပိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်** - (၁) Diploma in Tourism Studies and Management (DTSM)
ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့လွန်ဒီပလိုမာသင်တန်း
(၂) Diploma in Computer Applications and Desktop Publishing (DCADTP)
လုပ်ငန်းသုံးအသုံးချကွန်ပျူတာဒီပလိုမာသင်တန်း
(၃) Diploma in Public Policy and Management (DPPM)
ပြည်သူ့ရေးရာမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း
(၄) Certificate in Mass Communication (CMC)
လူထုဆက်ဆံရေးဆိုင်ရာလက်မှတ်ရသင်တန်း
(၅) Certificate in Economics and Finance (CEF)
စီးပွားရေးနှင့်ဘဏ္ဍာရေးလက်မှတ်ရသင်တန်း

၂။ **သင်တန်းဝင်ခွင့် အရည်အချင်း** - (က)Diplomaသင်တန်းများအတွက်အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) Certificate သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဖြစ်ရမည်။

၃။ **သင်တန်းကာလ** - Diploma သင်တန်း -(၁)နှစ်၊ Certificate သင်တန်း-(၃)လ

၄။ **သင်တန်းကြေး** - DTSM နှင့် DPPM ဒီပလိုမာသင်တန်းများအတွက် -၂၀၀၀၀၀ိ/
DCADTP ဒီပလိုမာသင်တန်းအတွက်-၄၈၀၀၀၀ိ/ (၂)ကြိမ်ခွဲသွင်းနိုင်သည်
Certificate သင်တန်းများအတွက် -၉၀၀၀၀ိ/

၅။ **သင်တန်းဖွင့်လှစ်မည့် နေ့ရက်** - ၁-၁၂-၂၀၂၄ (တနင်္ဂနွေနေ့)

၆။ **သင်တန်းဖွင့်လှစ်မည့် အချိန်** - CEF သင်တန်း (Sat, Sun- 9:00 AM to 4:00 PM Online)
CMC, DCADTPသင်တန်းများ (Sat, Sun -9:00 AM to 4:00 PM Hybrid)D
TSM, DPPM (Mon to Sat -6:30 PM to 8:00 PM, Sun-4:30 PM to 8:00 PM Online)

၇။ လျှောက်လွှာလက်ခံမည့်အစီအစဉ်- သင်တန်းလျှောက်ထားလိုသူများသည် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကုန်သည်လမ်း၊ (၂)ထပ်စာသင်ဆောင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင်(၁-၁၁-၂၀၂၄)ရက်မှ (၂၉-၁၁-၂၀၂၄) ရက်အထိ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်သည်။

၈။ လျှောက်လွှာနှင့်အတူ (က) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (ခ) ဘွဲ့လက်မှတ်/အောင်လက်မှတ်မိတ္တူ၊ (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကိုပူးတွဲတင်ပြရမည်။

၉။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် (၁) ၀၁-၈၂၉၂၅၆၆ နှင့် ဖုန်းနံပါတ် (၂) ၀၉-၄၄၂၅၈၈၄၀၇ သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/7774, Toyota Celsior UCF 31 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းဦး ၁၂/ခရန(နိုင်)၀၉၅၉၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

### အမည်မှန်

သရက်ချောင်းမြို့နယ်၊ ပိန်းတောကျေးရွာ၊ အထက(ခွဲ) ပိန်းတော G-4 တွင် ပညာသင်ကြားနေသော မဖြိုးပွင့်စံ၏ အမည်မှန်မှာ မယမုံဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၀-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကြော်ငြာစာ ကြော်ငြာတွင် စာကြောင်းရေ ၅ ကြောင်းမြောက် အမှုတွဲအမှတ် (၇၄၆၈/၂၀၂၄-၂၀၂၅) အစား (၄၇၆၈/၂၀၂၄-၂၀၂၅) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သွေးသည် အသက်

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝင်းမင်းထိုက် ၇/ပတန(နိုင်)၁၄၆၄၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၆ ၀၁၂ ၁၄၇

### ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ အထက (စကမြား)ကျောင်း G-11(E-1)မှ စမြတ်မင်းခန့်၏ ဖခင်အမည်မှန်မှာ မန်းရွှေဇင်အောင် ၁၄/မမန(နိုင်) ၁၉၅၃၅၉ ဖြစ်ပါကြောင်း။

**မန်းရွှေဇင်အောင်**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရ မည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၂

၁။ ဦးစိန်ရ(ခ)ဦးမျိုးသန့်ဇင် နှင့် ဒေါ်ကျင်စု
၂။ ဒေါ်မူမူယုံ(၎င်းတို့၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်လွင်လွင်ဇော်)
(တရားလိုများ) (တရားပြိုင်)

အမှတ် ၁၄၂၊ ပထမထပ် (ယာ)၊ လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဒေါ်ကျင်စု (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌၊ တရားလိုက မသမာစိတ်ဖြင့် တရားစွဲဆိုခံရသည့်အတွက် လျော်ကြေးငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းညို့ရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

### အများသိစေရန်ကြေညာချက်

ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ (၂၃)ရပ်ကွက်၊ ငမိုးရိပ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉/ဝါးတရာစက်မှုဇုန်)၊ မြေကွက်အမှတ်(၆၅)တွင် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ နှစ်(၆၀)ဂရန် (စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက်သာ)(၃.၃၉)ဧက အမည်ပေါက် ဒေါ်ကြည်သာဝင်းပြည့်(၁၂/ဗတထ(နိုင်)၀၃၈၅၂၉)ထံမှ (၁.၈၈၃)ဧကအား မြေငှားရမ်းလုပ်ကိုင်ခွင့်ရရှိသော Myanmar Chaofa Leatherware Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၁၃၆၆၁၉၈၄)မှ (၃)ထပ် Steel (Factory) အဆောက်အဦ (၁)လုံးနှင့် (၄)ထပ် Steel (Office)အဆောက်အဦ (၁)လုံး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိ သည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လောက်ကိုင်မြို့၊ စင်မင်ချုံရွာနေ မလူကျိန်းရွယ်(ဘ)ဦးလူထိုက်ဝိန် ၁၃/လကန(နိုင်) ၀၁၇၃၈၅၏ ပတ်စ်ပို့နံပါတ် (MG-၇၉၉၈၇၇)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၀၇၀၉၉၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ချောင်းမြို့နယ်၊ ပိန်းတောကျေးရွာ (အထက-ခွဲ)၊ ပိန်းတော G-4 တွင် ပညာသင်ကြားနေသော မယမုံ၏ဖခင် ဦးမျိုးငွေး ၆/သရခ(နိုင်)၀၈၇၄၁၇နှင့် ဦးတင်ငွေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/18853 ယာဉ်လက်ဝယ်ရှိသူဦးမောင်မောင်တင်၇/ရကန(နိုင်)၀၃၃၄၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ အထွေထွေပိုလျှံရန်ပုံငွေ( GRF)ဖြင့် ဆောင်ရွက်မည့် လုပ်ငန်း ၆ ခု၊ (Lot-6)ခု အတွက် ကန့်သတ်မှုမရှိသော တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၂၅-၁၀-၂၀၂၄ရက်မှ ၈-၁၁-၂၀၂၄ရက် အထိ
(ခ) **နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး၊စစ်တွေမြို့
(ဂ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၁-၁၁-၂၀၂၄ရက် ညနေ (၁၆:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း -၀၉-၄၂၇၇၇၁၄၀၄၁၊ ၀၉-၂၅၄၁၆၈၄၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**

### အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မြေငှားဂရန်အမှတ် -၆၀၉/၂၀၁၇ အရ ဒေါ်ကေခိုင်ဝင်း အမည်ပေါက်ပိုင်ဆိုင်သည့် တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၈၅/ကံကြီးကျောင်းရပ်)၊ ဦးပိုင်အမှတ် (၄၁-ဋ)၊ မြေကွက်အမှတ်-41/101၊ ဧရိယာ(၀.၂၁၆)ဧကရှိမြေကွက်ကို (၁၂-၁-၂၀၁၈)ရက်တွင် တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေအရောင်းအဝယ်စာချုပ်အမှတ်-၂/၂၀၁၈ ဖြင့် ဒေါ်ခင်မျိုးတင့်က ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး၊ ထိုမှ (၁၈-၃-၂၀၁၈)ရက်တွင် ဒေါ်ခင်မျိုးတင့်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာညို (၁၃/တကန (နိုင်)၀၂၅၄၄၀)က ထပ်မံဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပါသည်။ အဆိုပါအိမ်မြေဥပစာအား တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားဖြင့် သတင်းစာကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာညို၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း (LL.B., LL.M.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**အခန်း (၃၅)၊ အ.လ.က (၁၁)တိုက်တန်း၊ ဘုရင့်နောင်လမ်း၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

### သားများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ ဘိုးသာအောင်ကုန်းရွာနေ ဒေါ်ခင်ထွေးကြည် ၇/ပတတ(နိုင်)၀၆၁၈၃၈ ၏သားများဖြစ်သော မောင်ဇင်ဘိုထွန်း ၇/ပတတ(နိုင်)၁၀၂၇၀၀နှင့် မောင်ရဲသူရထွန်းသည်မိခင်ဖြစ်သူ၏ဆိုဆုံး မမှုကိုနာခံ ခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေးကြည် ၇/ပတတ(နိုင်)၀၆၁၈၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့်စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမင်းမင်းဦး | ဦးမျိုးဇော်ဦး | ခေတ္တရာ | ၁၅E၊ ရှမ်းစုအကွက် | ၁၄၈ᵏ | ၀.၀၂၈ | ပြောင်း |
| ၂ | ဒေါ်မေဦးဆွေ | ဒေါ်သန်းသန်းအေး | ရွှာဘဲ | ၁၆/ဂန္ဓမာကွင်း | ၁၀၁ᵏ | ၀.၂၈ | ပြောင်း |

ကော်လိတ္တော်အရာရှိ
ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) (၂/၂၀၂၄) ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်းကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းမည့်ရက်** - (၄-၁၁-၂၀၂၄)ရက်၊ (တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/ အချိန်** - (၁၁-၁၁-၂၀၂၄) ရက်၊ (တနင်္လာနေ့) ညနေ (၁၅:၀၀) နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - (၁၃-၁၁-၂၀၂၄) ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် (၉:၀၀) နာရီ
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဇလပ်ဖြူလမ်း၊ ဥသျှစ်ရပ်ကွက်၊ ထားဝယ်မြို့။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ထားဝယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါကြောင်းနှင့် ရုံးဖုန်း ၀၉-၇၇၁၉၀၈၄၄၁ နှင့် ၀၉-၂၃၀၁၂၄၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တိုင်းဒေသကြီးအထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ပူးတွဲပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းမည့်ရက်** - ၂၅-၁၀-၂၀၂၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်**- ၇-၁၁-၂၀၂၄ ရက် ညနေ ၄နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်နှင့်အချိန်အား ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။
(ဃ) **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့် နေရာ** - တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်တွင် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၀၂၂၅၉၁/၂၃၅၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီး အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် တင်ဒါ ခေါ်ယူမည့်လုပ်ငန်းစာရင်း**

| Lot(No) | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| Lot-1 | ထားဝယ်မြို့နယ်၊ ရမ္မဇူရွာပတ်လမ်း ၀.၇၅ မိုင်အား ၁၄ပေ အကျယ်၊ ၆လက်မထု ၂"-၄"ခွဲကျောက်ခင်း၍ ၁၂ပေ အကျယ်၊ ၇လက်မထု ကွန်ကရစ်လမ်းခင်းခြင်း | |
| Lot-2 | ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု၊သပြေချောင်း ကျေးရွာပတ်လမ်း ၁/၂ မိုင်အား ၁၄ပေ အကျယ်၊ ၆လက်မထု ၂"-၄"ခွဲ ကျောက်ခင်း၍ ၁၂ပေ အကျယ်၊ ၇လက်မထု ကွန်ကရစ်လမ်းခင်းခြင်း | |
| Lot-3 | ထားဝယ်မြို့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအိမ်ရာ အနောက်ဘက် ခြံစည်းရိုးကာရံခြင်း(၁၈၀၀ပေ x ၁၁ပေ) လုပ်ငန်း | |
| Lot-4 | ပုလောမြို့နယ်၊ မလိကျွန်းကျေးရွာအုပ်စု၊ ဇရပ်ဆိပ်ကျေးရွာ ရေဆင်းဆိပ်ခံတံတား ချဉ်းကပ်လမ်း ၀/၃ မိုင်အား ၁၄ပေ အကျယ်၊ ၆ လက်မထု ၂"-၄"ခွဲကျောက်ခင်း၍ ၁၂ပေ အကျယ်၊ ၇လက်မထု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | |
| Lot-5 | မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်း ကျေးရွာအုပ်စု၊ မလိကျေးရွာ ကွန်ကရစ် ရေဆင်းဆိပ်ခံတံတား ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်း (၀/၃မိုင် x၁၂ပေx၇လက်မ) လုပ်ငန်း | |
| Lot-6 | ဘုတ်ပြင်းမြို့၊အထက(ကျောင်းခန်းမ တည်ဆောက်ခြင်းလုပ်ငန်း) (၁၀၀ x ၄၀ x ၁၃)ပေ | |

**တင်ဒါကော်မတီ**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်၏ V TUBE TECHNOLOGY CO.,LTD ၏ အစုရှယ်ယာ တန်ဖိုးကျပ်သိန်း(၂၀၀၀)မှ ကျပ်သိန်း(၂၀၀)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ ကသဲရွာနေ (ဘ) ဦးထွန်းကြည်၏သမီး မတင်အောင် (၁၃/ဖခန(နိုင်)၀၃၇၆၄၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-459910) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၄၈၈၃၂၈၄

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၃)နေ (ဘ) ဦးရော်ကျားရင်၏သမီး ယိုကျင်မိန့် (၁၃/လလန(နိုင်) ၀၄၈၁၅၆)၏ နိုင်ငံကူး လက်မှတ်အမှတ် (MC-031431)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၆၂၈၇၂၇

## ပတ်စ်ပို့ပျောက်

နမ့်စန်မြို့၊ ရပ်ကွက်(၂)နေ (ဘ) ဦးနိမ့်ရှောင်၏သမီး မယုယုလှိုင် (၁၃/နစန(နိုင်)၁၁၉၉၉၆)၏ နိုင်ငံကူး လက်မှတ်အမှတ် (MC-031432) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၆၂၈၇၂၇

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ- ၁၄)
## ကရင်ပြည်နယ်တရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် -၃၇

ဦးအေးနိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တိုးစန္ဒာနိုင်) **(အယူခံတရားလို)**
နှင့်
၁။ ဦးစောတင်နု
၂။ ဒေါ်ဆုဝေမွန် (ကွယ်လွန်သူ ဦးသိန်းဌေး၏ တရားဝင်ကိုယ်စားလှယ်) **(အယူခံတရားပြိုင်များ)**

၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ရက်နေ့စွဲပါ ကော့ကရိတ်ခရိုင်တရားရုံးတော်၏ တရားမယူခံမှုအမှတ် ၁/၂၀၂၃ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် (၂) ဒေါ်ဆုဝေမွန် (ကွယ်လွန်သူ ဦးသိန်းဌေး၏တရားဝင်ကိုယ်စားလှယ်)၊ အမှတ် (၁) ရပ်ကွက်၊ ကော့ကရိတ်မြို့ (ယခုနေရပ်လိပ်စာ မသိသူ) သိရှိစေရမည်။

ယခုအမှုတွင် ကော့ကရိတ်ခရိုင်တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမမ)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ကရင်ပြည်နယ်တရားလွှတ်တော်

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၂၂)
## တာချီလိတ်ခရိုင်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆

ဒေါ်နန်းခမ်း (၎င်း၏ကိုယ်စားလှယ်ဒေါ်စန္ဒာဝင်း) **ဒီကရီအနိုင်ရသူ**
နှင့်
၁။ ဒေါ်အေးအေးဝင်း
၂။ အောင်ဖြိုး(ခ)မြင့်သူ(ခ)စိုင်းလုံ **တရားရှုံးများ**

အမှတ်(၁၅၈)၊ တာလေ့ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်အေးအေးဝင်းနှင့်အောင်ဖြိုး(ခ)မြင့်သူ(ခ)စိုင်းလုံ(အတူနေသားအမိ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းခမ်း(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စန္ဒာဝင်း) ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ် စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RKE/8953, Yamaha Fino 125 ဆိုင်ကယ်အား စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ယာဉ်လက်ဝယ်ရှိသူ ခင်မိုးလှိုင် ၁၁/စတန(နိုင်)၀၅၃၃၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး (စစ်တွေ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၀-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅)ပါ ဒေါ်ခင်နီတာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၁၇)၊ ဒေါ်အေးသူဇာမြင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၇၆)၏ ဒေါ်မီမီကို ၁၀/မလမ(နိုင်)၀၃၇၇၃၀)၏ အများသိစေရန် ပြန်လည်ရှင်းလင်း ကြော်ငြာ၏ အောက်ဆုံးစာကြောင်းတွင် (စုံစမ်းမေးမြန်းခြင်းသည်းခံပါ) အစား စုံစမ်းမေးမြန်းနိုင်ပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အလိမ္မာ စာမှာရှိ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းထွန်းဦး-ဒေါ်စန္ဒာဝင်းတို့၏သားငယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့ကွန်ဒို(၁၁)လွှာတွင်နေထိုင်သော မောင်ကျော်မင်းထွန်း (၉/ခအဇ(နိုင်)၀၅၄၈၀၇)သည် မိဘတို့ဝတ္တရားအတိုင်း အိမ်ထောင်ချ အိမ်ခွဲဝေပေးပြီး သီးခြားတစ်ဆောင်တစ်ယောင် ထောက်ပံ့ ပံ့ပိုးထားပေးနေသော်လည်း မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲ သိက္ခာကျစရာကိစ္စများကို ကျူးလွန်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘများ
ဦးထွန်းထွန်းဦး(၉/မရတ(နိုင်)၁၀၃၈၉၆)
ဒေါ်စန္ဒာဝင်း(၉/မရတ(နိုင်)၁၀၁၅၀၃)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/45710, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၇/လပတ(နိုင်) ၁၃၃၇၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/96740 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဆင့် ၇/ဝမန(နိုင်) ၁၀၀၃၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/10267, SABAI 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းထက် ၁၄/ဖပန(နိုင်) ၂၆၉၆၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၈၈၄၆, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇင်သက် ၁၂/မဂဒ(နိုင်) ၁၄၉၃၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2748, HONDA FIT GE6, HATCH BACK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွဋ်အေး ၅/စကန(နိုင်)၁၉၀၅၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/60538, Honda PCX 160 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၄/မမန(နိုင်)၁၉၀၀၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/18996 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီအစား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပါကစ္စတန်သံရုံး၊ ရန်ကုန်မြို့ လေလံများအတွက် ဖိတ်ခေါ်ချက်(တင်ဒါသတိပေးချက်)

ရန်ကုန်၊ ပါကစ္စတန်သံရုံးသည် Embassy Residence (Residential Building A3) နှင့် Chancery(Building A4) တို့တွင် အထွေထွေအရပ်ဘက်အလုပ်များကို အကောင်အထည်ဖော်ရန်အတွက် အရည်အချင်းပြည့်မီသော ကန်ထရိုက်တာ/ကုမ္ပဏီ များထံမှ တံဆိပ်ခတ်ထားသော လေလံများကို ဖိတ်ခေါ်ပါသည်။ မြို့ပြထိန်းသိမ်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာအတွေ့အကြုံရှိ သက်ဆိုင်ရာ မှတ်ပုံတင်ထားသော ကုမ္ပဏီများအတွက် တင်ဒါဖွင့်ထားသည်။ လုပ်ငန်းအသေးစိတ်အား ရုံးချိန်အတွင်း (နံနက် ၉နာရီမှ ညနေ ၅ နာရီ)အတွင်း သံရုံးမှ ရယူနိုင်သည့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်တွင် ဖော်ပြထားသည်။

**၁.အရည်အချင်းပြည့်မီမှု သတ်မှတ်ချက်–**

- ကန်ထရိုက်တာများသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သက်ဆိုင်ရာအာဏာပိုင်များနှင့် ကုမ္ပဏီများသို့ မှတ်ပုံတင်ရမည်ဖြစ်သည်။
- ကန်ထရိုက်တာများသည် လုပ်ငန်းသဘောသဘာဝအရ အကောင်အထည်ဖော်သည့် အတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိရမည်။
- ကန်ထရိုက်တာများသည် သတ်မှတ်ထားသော အချိန်ဘောင်အတွင်း ပရောဂျက်ကို အပြီးသတ်ရန် စွမ်းရည်ရှိရမည်။

**၂.လေလံတင်သွင်းမှုလိုအပ်ချက်များ–**

- အသေးစိတ်နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် စာချုပ်ပါစည်းကမ်းချက်များအပါအဝင် လေလံစာရွက်စာတမ်းများကို သံရုံးအုပ်ချုပ်ရေးရုံးမှ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။
- တင်ဒါအောင်မြင်သူများသည် အောက်ဖော်ပြပါစာရွက်စာတမ်းများအပါအဝင် လေလံအပြည့်အစုံကို တင်သွင်းရမည်ဖြစ်သည်–
  - ကုမ္ပဏီကိုယ်ရေးအကျဉ်းနှင့် မှတ်ပုံတင်လက်မှတ်။
  - အလုပ်အမျိုးအစားတစ်ခုစီအတွက် အသေးစိတ်ကုန်ကျစရိတ်ခွဲခြမ်းစိတ်ဖြာခြင်း။
- လေလံဆွဲသူများသည် လူနေအဆောက်အအုံ A3နှင့် Chancery Building A4အတွက် သီးခြားခွဲတမ်းများ တင်သွင်းရမည်ဖြစ်သည်။
- ၁၄ ရက်၊ နိုဝင်ဘာလ၊ ၂၀၂၄ (ညနေ ၅ နာရီ)ထက်နောက်မကျစေဘဲ ရန်ကုန်၊ ပါကစ္စတန်သံရုံးသို့ တင်သွင်းရမည်ဖြစ်သည်။
- လေလံဆွဲသူများသည် အရည်အချင်းပြည့်မီစေရန်အတွက် လေလံများပြည့်စုံပြီး လိုအပ်ချက်များအားလုံးကို ပြည့်မီကြောင်း သေချာစေရမည်။

**၃.လေလံဖွင့်လှစ်ခြင်းနှင့် အကဲဖြတ်ခြင်း–**

- ၁၅ရက်၊ နိုဝင်ဘာလ၊ ၂၀၂၄(နံနက် ၁၁ နာရီ)အချိန်တွင် ရန်ကုန်၊ ပါကစ္စတန်သံရုံး၌ လေလံဆွဲသူများ သို့မဟုတ် ၎င်းတို့၏ လုပ်ပိုင်ခွင့်ရ ကိုယ်စားလှယ်များထံတွင် လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။
- အကဲဖြတ်မှုသည် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ၊ အဆိုပြုထားသော အချိန်ဇယားနှင့် ကုန်ကျစရိတ်များအပေါ် အခြေခံမည်ဖြစ်သည်။

**၄.စာချုပ်ဆု–**

- တင်ပြမှုအားလုံးကို စေ့စေ့စပ်စပ်အကဲဖြတ်ပြီးနောက် အနိမ့်ဆုံးကိုက်ညီသော လေလံဆွဲသူအား စာချုပ်အား ပေးအပ်မည် ဖြစ်သည်။
- အောင်မြင်သော ကန်ထရိုက်တာသည် သဘောတူညီထားသည့် အချိန်ကာလနှင့် သတ်မှတ်ချက်များအတွင်း ပြီးစီးအောင် လုပ်ဆောင်ရမည်။
- အချိန်မီငွေပေးချေမှုအား သေချာဆောင်ရွက်ပေးမည့်ဝယ်ယူရေးကော်မတီနှင့် ရုံးချုပ်အကြီးအကဲမှ အသိအမှတ်ပြုထားသည့်အတိုင်း လုပ်ငန်းများ အောင်မြင်စွာပြီးမြောက်သောအခါတွင် ငွေပေးချေမှုကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**၅.ဆက်သွယ်ရန် အချက်အလက်–**

**ရုံးချုပ်**

**ပါကစ္စတန်သံရုံး၊ ရန်ကုန်–ဖုန်း+951222881 Email:accttspakembygn@gmail.com**

**မှတ်ချက်–သံရုံးသည် မည်သည့်အကြောင်းပြချက်မှ မသတ်မှတ်ဘဲ လေလံတစ်ခု သို့မဟုတ် အားလုံးကို ငြင်းပယ်ပိုင်ခွင့်ရှိသည်။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၂၅၂၀ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်) ၁၀၂၀၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၇၂၀၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်အောင် ၁၀/ခဆန(နိုင်)၁၇၃၅၅၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၅၅၆၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ငွေးကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည်(၆၀၅–ငွေးကုန်းအရှေ့)၊ ဦးပိုင်အမှတ်(၁၂၆/ခ)၊ မြေ ဧရိယာ(၀.၁၇)ဧကရှိ အနှစ်(၃၀)အငှားဂရန်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာန၏ မှတ်ပုံတင်(၁–က)စာရင်းတွင် ဦးအောင်မော်၏ အမည်ပေါက်ပါသည်။ ၎င်းထံမှ ဒေါ်အိအိကျော်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ကို (၁၃–၁၀–၂၀၂၄) ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်အိအိကျော်** | **ဒေါ်ခိုင်ဝင်းအေး** |
| | **(တရားလွှတ်တော်ရှေ့နေ)** |
| | **စဉ်–၁၀၂၄၃(၂၇–၁–၂၀၁၅)** |
| | **အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊** |
| | **တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/မြို့မရပ်)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ(၀.၁၀၇)ဧကရှိ ဦးအောင်ကျော်သင်း(ဘ)ဦးဘိုလူ ၉/လဝန(နိုင်)၀၂၅၃၇၉နှင့် ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးညွှန့်စိန် ၉/လဝန(နိုင်)၀၂၅၃၈၀တို့ အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးအောင်ကျော်သင်းနှင့် ဒေါ်မြင့်မြင့်သိန်းတို့မှ ဦးမြင့်နိုင်(ဘ) ဂေါ်ရှန်ဝီ ၇/အတန(နိုင်)၀၆၈၇၉၄နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အင်တိုင်းသာမြောက်ရပ်)၊ ဦးပိုင်အမှတ်(၃၂^က၊ ၃၃)၊ မြေဧရိယာ(၀ဒသမ၁၅၉)ဧကရှိ ဦးသန်းမြင့် (ဘ)ဦးအေး ၉/လဝန(နိုင်) ၀၃၇ ၉၃၉နှင့် ဒေါ်ယိမ်း (ဘ)ဦးမြမောင် ၉/လဝန(နိုင်) ၀၃၇၉၄၀တို့ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်အား နှစ်(၃၀)မြေငှားစာချုပ်သည် သက်တမ်းကုန် ဆုံးတော့မည်ဖြစ်ပါသောကြောင့် မြေငှားစာချုပ်မူရင်းတင်ပြပြီး မြေငှားစာချုပ် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်း တိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရား ရွှေသင်္ကန်းကပ်လှူရန်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေ သိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးနှင့် ဝဲ/ယာ အရံရုပ်ပွားတော်(၂)ဆူ အား ရွှေသင်္ကန်းကပ်လှူရန် (၂"x၂")ပတ်လည် အရွက်(၁၀၀)ပါ ရွှေဆိုင်း(၁၀၀)ဆိုင်း ဝယ်ယူရေးတင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့်ဈေးနှုန်းအဆိုပြုလွှာများအား ၂၃–၁၀–၂၀၂၄ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀/–နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်–

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | – ၂၃–၁၀–၂၀၂၄ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ ပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်** | – ၂၉–၁၀–၂၀၂၄ရက် ညနေ ၄:၃၀နာရီ |
| (ဂ) | **ဈေးပြိုင်လေလံ/ တင်ဒါပွဲ ကျင်းပမည့်ရက်** | – ၃၀–၁၀–၂၀၂၄ရက် ရွှေသိမ်တော်ဘုရားဓမ္မာရုံ |

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မဟာရွှေသိမ်တော်မြတ်စွာဘုရား**
**ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း–၀၉–၄၀၂၆၉၉၄၂၉**

## စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် Steel Billet များ ထုတ်လုပ်ရန်အတွက် ၂၀၂၄–၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပစ္စည်းများအား စက်ရုံအရောက်မြန်မာကျပ်ငွေဖြင့်ဝယ်ယူလို ပါသည်–

Lot (1) HMS–1(၄၀၀၀)တန်
Lot(2) HMS–2(၄၉၀)တန်

၂။ တင်ဒါပုံစံများကို (၂၅–၁၀–၂၀၂၄)ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၄၀၅၀၅၆တွင် စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | **တင်ဒါပိတ်ရက်နှင့်အချိန်** | – ၁–၁၁–၂၀၂၄ရက် (၁၆:၀၀)နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | – ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော် |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## အစုရှယ်ယာလျှော့ချကြောင်းအသိပေးခြင်း

မန္တလေးဘရူဝါရီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ မတည်ငွေလျှော့ချခြင်းတွင် အစုရှယ်ယာအရေအတွက် ၁၂,၅၇၁,၇၀၀ မှ ဝယ်ယူခဲ့သည့် အစုရှယ်ယာအရေအတွက် ၆,၄၁၁,၆၆၇ ကို Krin Holding Singapore Pte.,Ltd သို့ လွှဲပြောင်းပေးပြီးနောက်တွင် ကျန်ရှိသည့် အစုရှယ်ယာ အရေအတွက် ၆,၁၆၀,၀၃၃ (ခြောက်သန်းတစ်သိန်းခြောက်သောင်းသုံးဆယ်သုံးတိတိ) သို့ လျှော့ချပြင်ဆင်သွားမည်ဖြစ်ပါ၍ အစုရှယ်ယာလျှော့ချသွားမည်ဖြစ်ပါသည် –

**မန္တလေးဘရူဝါရီလီမိတက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ စည်ပင်အုပ်စု၊ ရှောက်ကုန်းကျေးရွာနေ (ဘ)ဦးဘဲနေ၏သား ဖြစ်သူ ဦးအောင်ဌေးဦးနှင့်ဦးအယ်ဗွီး ၁၄/အဂပ(နိုင်)၁၀၈၀၇၇ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ဌေးဦး(ခ)ဦးအယ်ဗွီး**

## ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ အထက (၈) Grade 7(B)မှ မဟန်သွန်းနဒီဇော်နှင့် Grade 4(C)မှ မဟန်သုကြည်စင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မင်းဟန်ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/88729, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ(ခ)ရီတာ ၁၄/ပသန(နိုင်)၀၀၀၈၁၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/4715, Mitsubishi Canter FE82DEV, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၄/ကကထ(နိုင်) ၁၅၈၃၇၅က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤ ကြော်ငြာပါ သည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာ မီးပုံးပျံပွဲတော်ကို ၉–၁၁–၂၀၂၄ ရက်မှ ၁၅–၁၁–၂၀၂၄ရက်အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၃)မျိုးအတွက် လေလံလျှောက်လွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ဈေးဆိုင်ခန်းများ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များ လုပ်ငန်း၊
(ခ) ချားရဟတ်ကွင်းနှင့် ကလေးကစားကွင်းလုပ်ငန်း၊
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း (၁)၊ (၂)၊ (၃)၊ (၄)

| | | |
|---|---|---|
| ၂။ | **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | – ၂၃–၁၀–၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| ၃။ | **လေလံလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** | – ၃၀–၁၀–၂၀၂၄ရက် ညနေ ၄:၃၀နာရီ |
| ၄။ | **လေလံလျှောက်လွှာစတင်ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့် နေရာ** | – ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်း ကော်မတီရုံး |
